မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၀ ခုနှစ် မေလ ၃ ရက်တွင်ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံ ခေတ္တသမ္မတ မစ္စတာဘရွန်နစ်လော ကိုမိုရိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၀ ခုနှစ် မေလ ၃ ရက်တွင်ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဒေါနယ်တော့စ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် မေ ၂

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းဖောက်လုပ်ခဲ့သည့် ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းသစ်ဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၃၀ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဆောမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တက်ရောက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာလုပ်ငန်းမှ စပါးစိုက်ခင်းကို ဤသို့ မျက်စိတစ်ဆုံးတွေ့ရသည်။

ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးစနစ်၏ အကျိုးကျေးဇူးများ ညောင်ဦးခရိုင် တောင်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မား

➤ သတင်းခရီးသည် - မြင့်ဝေလှိုင် ➤ သတင်းဓာတ်ပုံ - ရဲသူရအောင် (ညောင်ဦးခရိုင် ပြန်/ဆက်) ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

ညောင်ဦး မေ ၂

ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းက ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက ဌာနဆိုင်ရာတာဝန်ခံတစ်ဦးနှင့် မိတ်ဆက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✱

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ငရုတ်သီးပါဓာတ်ပစ္စည်း နာကျင်ကိုက်ခဲမှုကို သက်သာစေနိုင်ဟုဆို

ငရုတ်သီးမှုန့်တွင် ပါဝင်သော ဓာတ်ပစ္စည်းများသည် နာကျင်ကိုက်ခဲမှုကို သက်သာစေနိုင်ကြောင်း သုတေသန သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

သက်သာစေနိုင်

ငရုတ်သီးမှုန့်များသည် လူ၏ခန္ဓာကိုယ်အတွင်း နာကျင်ကိုက်ခဲမှုများကို သက်သာစေနိုင်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဆေးအဖြစ်အသုံးပြု

ပူစပ်သော ငရုတ်သီးများတွင် ပါဝင်သည့် ကက်ပါစင်ဓာတ်ပစ္စည်းသည် နာကျင်ကိုက်ခဲမှုကို သက်သာစေ၍ ငရုတ်သီးမှုန့်ပြုလုပ်ပြီး ဆေးအဖြစ်အသုံးပြုပါက ကိုက်ခဲမှုများ သက်သာစေနိုင်ကြောင်း ၎င်းသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၃ ရက်)

နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းရန် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့်အခြေခံကောင်းများကို တည်ဆောက်လျက်ရှိသည်။ ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စီးပွားရေးအခြေခံကောင်းများကို ကဏ္ဍအလိုက် ခိုင်ခိုင်မာမာဖြစ်ပေါ်ရန် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းဖော်ဆောင်ရာ၌ ပုဂ္ဂလိကကဏ္ဍသည် အဓိက ကျသည့်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ တိုးတက်မြင့်မားလာစေမည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်မှုအခွင့်အလမ်းကိုလည်း မြှင့်တင်အားပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း အချက်အချာဒေသများတွင် စက်မှုဇုန်များထူထောင်ပေးပြီး နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးခဲ့ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို(၅)နှစ်စီမံကိန်းများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ စတုတ္ထ ကာလတို (၅)နှစ် စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ်အထိဖြစ်ရာ နှစ်(၃၀) စီမံကိန်း၌ စတုတ္ထကာလတို (၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ကုန်သွယ်မှု ပမာဏလျာထားချက်ကို ပြည့်မီအကောင်အထည်ဖော်လျက်ရှိရာ၌ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာလေ့လာသူ ကိုယ်စားလှယ်အဖွဲ့ ဘူတန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာလေ့လာသူ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ဘူတန်နိုင်ငံ သင်ဖူးမြို့၌ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်)ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်ခဲ့

(၁၆)ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်)ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်ရှစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ လေ့လာသူနိုင်ငံများ၊ ဧည့်သည်အဖြစ် ဖိတ်ကြားထားသည့်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သဘာပတိ

ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၈ရက် မွန်းလွဲပိုင်းက သင်ဖူးမြို့ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလွန်ပို ဂျင်မီသင်လေးက ဆာ့ခ်အဖွဲ့၏ ဥက္ကဋ္ဌ တာဝန်ကို သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်ဆာထံမှ လွှဲပြောင်းရယူခဲ့ပြီး ထိပ်သီးညီလာခံ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

မိန့်ခွန်းပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆာ့ခ်အဖွဲ့ ထိပ်သီးညီလာခံသို့ ပထမဆုံးအကြိမ်အဖြစ် ပါဝင်တက်ရောက်ခြင်းဖြစ်ကြောင်း၊ တောင်အာရှနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်အောင်မြင်မှုများ ရရှိလာမှု၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း တောင်အာရှနိုင်ငံများ၏ စီးပွားရေးဆက်သွယ်မှု ပိုမိုမြင့်မားလာမှု၊ မြန်မာနိုင်ငံ၏ ပထဝီတည်နေရာ အနေအထား၏ အရေးပါမှုနှင့် မြန်မာနိုင်ငံနှင့် ဆာ့ခ်အဖွဲ့ဝင်နိုင်ငံများ၏ ခိုင်မာသည့် ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆက်ဆံမှုအရ မြန်မာနိုင်ငံအနေဖြင့် ဆာ့ခ်အဖွဲ့သို့ လေ့လာသူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိပ်သီးညီလာခံ၏ ရည်မှန်းချက်ဖြစ်သည့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် နိုင်ငံများ ကာလရှည်ပူးပေါင်းဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေမှုနှင့် အာဆီယံနှင့် ဆာ့ခ်အကြား နီးကပ်စွာ ဆက်သွယ်နိုင်ရန်အတွက် ပေါင်းကူးဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံနှင့် ဆာ့ခ်အဖွဲ့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး စသည့်ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်သည့် နယ်ပယ်များစွာရှိကြောင်းတို့ကိုပါ ထည့်သွင်း ပြောကြားခဲ့သည်။

တည်ခင်းဧည့်ခံ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညနေပိုင်းတွင် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလွန်ပိုဂျင်မီသင်လေးနှင့် ဇနီးတို့က ဆာ့ခ်အဖွဲ့၏ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား တာရှီဟိုဇုန်၌တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သင်ဖူးကြေညာစာတမ်း

ဆာ့ခ်အဖွဲ့ ထိပ်သီးညီလာခံကို ဧပြီ ၂၉ရက် ညနေ ၅နာရီ မိနစ် ၄၀တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ရာ ယင်းထိပ်သီးညီလာခံမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သင်ဖူးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။

အမြင်ချင်းဖလှယ်

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Zangley Dukpa နှင့် လည်းကောင်း၊ ဘူတန်နိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Lyonpo Khandu နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ကြည့်ရှုလေ့လာခဲ့

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘူတန်နိုင်ငံရှိ သမိုင်းဝင် ယဉ်ကျေးမှုဆိုင်ရာ နေရာဒေသများသို့လည်း သွားရောက် ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

ထိပ်သီးညီလာခံတက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘူတန်နိုင်ငံ သင်ဖူးမြို့၌ ကျင်းပသည့်(၁၆)ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာ့ခ်) ထိပ်သီး ညီလာခံသို့ တက်ရောက်စဉ်။

(နိုင်ငံခြားရေး)

ကောက်လှိုင်းစပါး စုပုံနား မီးများမထားနှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သာသနလမ်းစဉ်** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၉)
၈:၃၀	Premier League Highlight
၈:၅၅	ရွှေထီးတော် တင်လှူပူဇော် ကံဆင့်ကံမြင့်စေတီတော်
၉:၀၅	မြတ်ဆရာသို့···· ဆယ်ဖြာလက်စုံ
၉:၁၅	မိုးယံမှ ကြယ်ပွင့်ကလေးများ
၉:၃၀	Global Panorama
၁၀:၁၅	Hair Style For All (အမျိုးသား၊ အမျိုးသမီး)
၁၀:၃၅	International Show Biz
၁၀:၅၀	ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ)
၁၁:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Ranbaxy ရဲ့ မြန်မာနှစ်သစ်ကူး အကြိုပျော်ပွဲရွှင်ပွဲနှင့် ညစာစားပွဲ အခမ်းအနား)
၁၁:၃၅	တစ်ခါစားကြည့် အရသာသိ စွဲငြိစေမည်မဟာဌာနီ
၁၁:၅၀	Shooting Making (လွတ်အောင်ပြေး တွေ့အောင်ရှာ)
၁၂:၂၀	တရားဓမ္မတို့ဖြင့် ငြိမ်းအေးချမ်းသာစေခြင်းအမှန် (ကသစ်ဝိုင် ဓမ္မရိပ်သာ)
၁၂:၄၀	ရွှေထီးတော် တင်လှူပူဇော် ကံဆင့်ကံမြင့်စေတီတော်
၁:၀၀	**သာသနလမ်းစဉ်** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Celebrity Profile (Rain)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၉)
၄:၀၀	မူဟန်ကိုယ်စီတေးကိုသီ
၄:၁၀	မြတ်ဆရာသို့···· ဆယ်ဖြာလက်စုံ
၄:၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် **ရိုးရိုးလေး** အကယ်ဒမီ ဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၄:၄၅	Hair Style For All (အမျိုးသား၊ အမျိုးသမီး)
၅:၀၀	စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာ စကားဝိုင်း
၅:၂၀	မိုးယံမှ ကြယ်ပွင့်ကလေးများ
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၇:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Pep နို့မှုန့်ရဲ့ Photo Contest 2010 ဆုချီးမြှင့်ပွဲ)
၇:၁၀	စာအုပ်ပြခန်း (သတင်းစာ၊ မီဒီယာနှင့်ဂျာနယ် လစ်ဇင် စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံခြင်း)
၇:၂၅	Shooting Making (လွတ်အောင်ပြေး တွေ့အောင်ရှာ)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Profile (Rain)
၉:၁၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၉)
၁၀:၀၀	UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
၁၀:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅	ရန်ကုန်မြင်ကွင်းကျယ် (Ranbaxy ရဲ့ မြန်မာနှစ်သစ်ကူး အကြိုပျော်ပွဲရွှင်ပွဲနှင့် ညစာစားပွဲ အခမ်းအနား)
၁၀:၄၅	စာအုပ်ပြခန်း (သတင်းစာ၊ မီဒီယာနှင့် ဂျာနယ်လစ်ဇင် စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံခြင်း)
၁၁:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Pep နို့မှုန့်ရဲ့ Photo Contest 2010 ဆုချီးမြှင့်ပွဲ)
၁၁:၁၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် **ရိုးရိုးလေး** အကယ်ဒမီ ဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၁၁:၃၀	ကလောဈေးနေ့
၁၁:၃၅	**ရေမြင့်····ကြာတင့်** ခန့်စည်သူ၊ ဧရာ၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၁၁:၅၀	မြန်မာစာသုံးဖို့ မြန်မာယူနီကုတ် ပရိုဂရမ်များ
၁၂:၁၀	ဂမုန်းရေလှောင်တမံ
၁၂:၁၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Wigan-Hull City	SPN (Live)
၁၀:၂၅	Blackburn - Arsenal	ESPN (Live)

ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းသစ်ဖွင့်ပွဲကို ငဖဲမြို့နယ် ပင်ဦးကျေးရွာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းသစ်ဖွင့်ပွဲကို ဆောမြို့နယ် မကျည်းစုကျေးရွာ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်များနှင့် ကျေးရွာများမှ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဆောမြို့နယ် မကျည်းစုကျေးရွာ၌ စတင်ကျင်းပရာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကာ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဆောမြို့နယ် မကျည်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိ၍ တာဝန်ရှိသူများက ငဖဲ-စေတုတ္တရာ - လောင်းရှည် - ဆောလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

တက်ရောက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ပြီး စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ၌ကျင်းပသည့် အဆိုပါလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တိုင်း ဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒေသခံကျေးရွာပြည်သူများနှင့်အတူ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဒေသခံကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ငဖဲမြို့နယ် ပင်ဦးကျေးရွာ၌ကျင်းပသည့် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးက လမ်းသစ်ဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ငဖဲမြို့နယ်မှ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရဓာတ်ပုံရိုက်ကာ ဒေသခံကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒေသခံကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုဖွင့်လှစ်သည့် လမ်းသစ်သည် ၁၁၅ မိုင် ၄ဖာလုံ အရှည်ရှိပြီး ဆောမြို့မှ ကျောက်ထု-ထီးလင်း-ရေမျက်နီ-ဂန့်ဂေါ-ကလေးမြို့တို့သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

သွားလာနိုင်

ထို့အပြင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပဒါန်းနှင့်ဆက်စပ်နေသည့်အတွက် ပဒါန်းမှ ရခိုင်ပြည်နယ် အမ်းမြို့သို့လည်းကောင်း၊ မင်းဘူးမြို့သို့လည်းကောင်း၊ ပုသိမ်-မုံရွာလမ်းအတိုင်း ပုသိမ်မြို့သို့လည်းကောင်း၊ မြောင်းဦးမှ ပုသိမ်-မုံရွာလမ်းကိုဖြတ်၍ စလင်းမြို့သို့လည်းကောင်း၊ ဆောမြို့နယ် သီးကုန်းကျေးရွာမှ ပုသိမ်-မုံရွာလမ်းကို ဖြတ်သန်း၍ ဆိပ်ဖြူမြို့သို့လည်းကောင်း၊ ဆောမြို့မှ ချင်းပြည်နယ် ကန်ပက်လက်မြို့သို့လည်းကောင်း၊ ဆောမြို့နယ် သီးကုန်းကျေးရွာနှင့် စေတုတ္တရာမြို့နယ် မြောင်းဦးတို့မှ ပုသိမ်-မုံရွာလမ်းကို ဆက်သွယ်ထားသည့်အတွက် မုံရွာလမ်းအတိုင်း မြိုင်မြို့နယ်နှင့် မုံရွာမြို့တို့သို့လည်းကောင်း၊ ပခုက္ကူ၊ ရေစကြိုမြို့သို့လည်းကောင်း သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါလမ်းသည် မြို့နယ်သုံးမြို့နယ်နှင့် ကျေးရွာပေါင်း ၄၀တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်အတွက် လမ်းတစ်လျှောက်ရှိ မြို့နယ်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူတို့၏ လူမှုအကျိုးစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် မြို့နယ်များနှင့်ကျေးရွာများမှ ထွက်ကုန်ပစ္စည်းများကို ဧရာဝတီတိုင်းအနောက်ခြမ်းဒေသများသို့လည်းကောင်း၊ မကွေးတိုင်းအရှေ့ခြမ်းဒေသများသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှတစ်ဆင့် တမူးနယ်စပ်ကုန်သွယ်ရေးဇုန်တို့သို့လည်းကောင်း တင်ပို့ ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။

ပံ့ပိုးမှု

ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းပိုင်းကို စည်ပင်သာယာရေးဦးစီးဌာနက ၂၉ မိုင် ၃ ဖာလုံ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၄ မိုင် ၄ ဖာလုံနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် မြန်မာ့သစ်လုပ်ငန်းက ၆၁ မိုင် ၅ ဖာလုံဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆောမြို့မှ သီးကုန်းရွာအပိုင်းလေးမိုင်ကို ကတ္တရာခင်းပြီးဖြစ်သည်။

လမ်းတစ်လျှောက်တွင် ပေ ၅၀၀ အထက် တံတားလေးစင်း၊ ပေ ၂၀၀နှင့် ၅၀၀ ကြား တံတားငါးစင်း၊ ပေ ၁၀၀ နှင့် ၂၀၀ကြား တံတား ၁၃စင်းနှင့် ပေ ၁၀၀အောက် တံတား ၂၄စင်း စုစုပေါင်း တံတား ၄၆စင်း တည်ဆောက်မည်ဖြစ်ပြီး ယခုအခါတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၅၀၀တံတား တစ်စင်း၊ ပေ ၄၀၀တံတား တစ်စင်းနှင့် ပေ ၄၀ တံတားတစ်စင်း တည်ဆောက်ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဧပြီ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်း မဟာမိတ်အဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။ (စစ်မှုထမ်း)

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၃)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of the Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၂)

စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆွေးနွေး

ကျိုက်မရော မေ ၂

ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြင့်စီနှင့် စာထောက်(၃)ဒေါ်အေးအေးမော်တို့သည် အံကရဲကျေးရွာ စာသဝဏ် စာကြည့်တိုက်နှင့် ဖားပျောက်ကျေးရွာ ပြည်သူ့အလင်းစာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးပြီး အဆိုပါကျေးရွာများသို့ စာအုပ်ပေါင်း ၁၀၀ ကျော်လှူဒါန်းသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အစ္စရေး-ပါလက်စတိုင်း တွေ့ဆုံဆွေးနွေးပွဲ လာမည့်ရက်သတ္တပတ်တွင် စတင်ရန်စီစဉ်

ဝါရှင်တန် မေ ၂

အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်အထူးသံတမန်ဂျော့မစ်ချဲသည် လာမည့်ရက်သတ္တပတ်တွင် ထိုဒေသသို့ပြန်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဝါရှင်တန်မြို့၌ သတင်းထောက်များအား မေ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်။

အသိမ်းပိုက်ခံ အရှေ့ဂျေရုဆလင်၌ အစ္စရေးအိမ်ရာ၁၆၀၀ တည်ဆောက်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ လိပ်ခဲတည်းလည်းဖြစ်နေခြင်းကို စေ့စပ်ဆွေးနွေးအဖြေရှာမည့် အစီအစဉ်မှာ ပြီးခဲ့သည့်လက ပျက်စီးခဲ့ရသည်။

ရှေ့မတိုးနောက်မဆုတ်

အစ္စရေးနှင့်ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ ၂၀၀၈ခုနှစ်ကတည်းက ရှေ့မတိုးနောက်မဆုတ်ဖြစ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲများကို လာမည့်ရက်သတ္တပတ်တွင် မိမိတို့စတင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တိုက်ရိုက်စေ့စပ်ဆွေးနွေးပြီး ခက်ခဲသောပြဿနာများ ဖြေရှင်းသည်ကို မိမိတို့ မြင်တွေ့လိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၌ လေဆင်နှာမောင်းမွှေနှောက် သုံးဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရရှိ

ဝါရှင်တန် မေ ၂

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ်အလယ်ပိုင်း၌ ဧပြီ ၃၀ရက်တွင် လေဆင်နှာမောင်းမွှေနှောက်တိုက်သဖြင့် သုံးဦးထက်မနည်းသေဆုံးပြီး ၂၅ဦးအထိ ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မေ ၁ရက်၌ ပြောကြားသည်။ ၎င်းပြည်နယ်ရှိ လူနေအိမ်များလည်း ပျက်စီးခဲ့ရပြီး သစ်ပင်များကျိုးပြတ်ကာ ဓာတ်အားလိုင်းများ ပြတ်တောက်လျက်ရှိသည်။

နေအိမ်အပျက်အစီးများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း ပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရီနီးပရက်စ်လာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ အီတလီနိုင်ငံပြခန်းကို တွေ့ရစဉ်။ **(ဆင်ဟွာဓာတ်ပုံ)**

ရှန်ဟိုင်း ကုန်စည်ပြပွဲကာလ၌ ပြည်တွင်းပြည်ပမှ လာရောက်မည့်သူ သန်း၇၀ခန့် မျှော်မှန်း

ရှန်ဟိုင်း မေ ၂

တရုတ်နိုင်ငံ ရှန်ဟိုင်းကုန်စည်ပြပွဲ ဖွင့်လှစ်သည့်ပထမနေ့၌ ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုသူ ထောင်ပေါင်းများစွာသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

၎င်းပြခန်းများ၌ ကမ္ဘာ့ခေတ်မီအဆင့်နှင့်အညီ တရုတ်နိုင်ငံ၏မြို့ပြသာယာလှပပုံတို့ကိုပြသထားပြီး ပြည်ပခရီးသွားဧည့်သည်ပေါင်း ၂၀၀၀၀၀ခန့် လာရောက်သည်ဟု မေ၁ရက်တွင် ပြခန်းတာဝန်ခံများက ပြောကြားသည်။

မျှော်မှန်းထား

ရှန်ဟိုင်းကုန်စည်ပြပွဲကျင်းပသည့် ခြောက်လတာကာလအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်ပေါင်းသန်း၇၀ခန့်ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ဖော်ပြသည်။

ထုတ်လွှင့်

အဆိုပါကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို စင်ကာပူနိုင်ငံ၏ အသံလွှင့်ဌာနနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာစကားအစီအစဉ်များဖြင့်ထုတ်လွှင့်ကြေညာလျက်ရှိသည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

မဟာဗျူဟာ လက်နက်လျှော့ချရေးစာချုပ်သစ်၌ အချက်သုံးချက် ထပ်မံဖြည့်စွက်မည်

မော်စကို မေ ၂

အမေရိကန်အစိုးရနှင့်ရုရှားအစိုးရတို့အနေဖြင့် မဟာဗျူဟာလက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်တွင် အချက်သုံးချက်ကို ထပ်မံတိုးချဲ့ဖြည့်စွက်သွားရန် သဘောတူညီကြကြောင်း အင်တာနက်သတင်းတွင် မေ၁ရက်က ဖော်ပြသည်။

တရားဝင်ထုတ်ဖော်

အဆိုပါအချက်များတွင် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များနှင့် အသေးစိတ် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဖော်ပြပေးရန်ပါဝင်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖီးလစ်ခရိုလီက ဧပြီ ၃၀ရက်၌ တရားဝင် ထုတ်ဖော်ပြောကြားသည်။ ယင်းအချက်သုံးချက်ကို ပြီးခဲ့သည့်လအတွင်းက ချက်သမ္မတနိုင်ငံ၌ အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်တို့ချုပ်ဆိုခဲ့သည့် မဟာဗျူဟာလက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်တွင် ထပ်မံဖြည့်စွက်မည်ဟု သိရသည်။ **(အင်တာနက်)**

ပနားမား မူးယစ်စစ်ဆင်ရေး၌ ကိုကင်းနှစ်တန် သိမ်းဆည်းရမိ

ပနားမားစီးတီး မေ ၂

ပနားမားနိုင်ငံ အတ္တလန္တိတ်ကမ်းရိုးတန်းဒေသ၌ ရဲတပ်ဖွဲ့က ဧပြီ ၃၀ရက်တွင် မူးယစ်နှိမ်နင်းမှုစစ်ဆင်ရေး နှစ်နေရာ၌ သီးခြားစီဆင်နွှဲခဲ့ရာ ၂၄နာရီအတွင်း ကိုကင်းနှစ်တန်အထိ သိမ်းဆည်းရမိကြောင်း ဆင်ဟွာသတင်း၌ မေ၁ရက်က ဖော်ပြသည်။

ဝှက်ထား

ကနဦးစစ်ဆင်ရေးအတွင်း ဧပြီ ၂၉ ရက်ညပိုင်းက ကိုကင်း ၄၈၃ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ပြီး ယင်းမူးယစ်ဆေးများအား အိတ်၂၀အတွင်း ထည့်ချုပ်ဝှက်ထားခြင်းဖြစ်သည်ဟု အမျိုးသားရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဂျာဗီရာကာရီလိုက ပြောကြားသည်။

ထို့ပြင် ပနားမား သုံးဦး၊ ကိုလံဘီယာ နှစ်ဦးနှင့် ဟွန်ဒူးရပ်စ် နှစ်ဦး အပါအဝင် မော်တော်ဘုတ်များနှင့် ဆက်သွယ်ရေးပစ္စည်းများကိုပါ ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု သိရသည်။

ဒုတိယအကြိမ် မူးယစ်နှိမ်နင်းမှုစစ်ဆင်ရေး၌ ဗာရာဂတ်စ်ပြည်နယ် ဘယ်လ်လင်မြစ်အတွင်း ကိုကင်း ၁ဒသမ၅တန်ကို သိမ်းဆည်းရမိခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံယိုဖိတ်မှု ဗြိတိန်ဘီပီရေနံကုမ္ပဏီ လျော်ကြေးပေးမည်ဟုကတိပြု

နယူးယောက် မေ ၂

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုကြောင့် ထိခိုက်မှုအပေါ် ဗြိတိန်(ဘီပီ)ရေနံကုမ္ပဏီက လျော်ကြေးပေးရန် ကတိကဝတ်ပြုကြောင်း အင်တာနက်၌ မေ၁ရက်၌ ဖော်ပြသည်။

မိမိတို့အနေဖြင့် ရေနံယိုဖိတ်မှုအတွက် အပြည့်အဝတာဝန်ယူကြောင်း၊ မိမိတို့က ရေနံယိုဖိတ်သည့်နေရာကို ရှင်းလင်းမည်ဖြစ်ကြောင်း၊ ပျက်စီးမှုအတွက် တရားဝင်တောင်းဆိုသည့်ပြည်သူများအား ငွေကြေးလျော်ပေးမည်ဖြစ်ကြောင်း ဘီပီအမှုဆောင်အရာရှိချုပ် တိုနီဟေဝပ်က ပြောကြားသည်။

ပေါ်ထွက်

လူဝီဆီးယားနားကမ်းခြေတွင် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ရာ ဒေသခံများ၏ငါးဖမ်းလုပ်ငန်းနှင့် သဘာဝကာကွယ်တောများ ပျက်စီးခဲ့ပြီးနောက် ဖော်ပြပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဘီပီကုမ္ပဏီက ယင်းသို့ရေနံယိုဖိတ်မှုဖြစ်မည်ဟု ကြိုတင်ပြောကြားခြင်းမရှိသလို ပြင်ဆင်ထားမှုလည်းမရှိဟု ပတ်ဝန်းကျင်ထိခိုက်မှုနှင့် စူးစမ်းရေးအစီအစဉ်ဌာနက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

ကန်တို့တိုက်ခိုက်မှု အာဖဂန်အရပ်သား သုံးဦးသေဆုံး ယခင်နှစ်အတွင်း အရပ်သား ၂၄၀၀ကျော် သေဆုံးခဲ့ရ

ကဘူးလ် မေ ၂

အာဖဂန်နစ္စတန် ပြည်သူများက ၎င်းတို့၏နိုင်ငံ၌ ပြည်ပတပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုအပေါ် တိုးမြှင့်ဆန့်ကျင်လျက်ရှိစဉ် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အာဖဂန်တောင်ပိုင်းတွင် ဝင်ရောက်တိုက်ခိုက်ခဲ့၍ အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။

သေဆုံး

ဖော်ပြပါ အမျိုးသမီးလိုက်ပါလာသည့်ကားသည် ဇာဘူးလ်ပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်လာစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့ရကြောင်း နေတိုးတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းပစ်ခတ်မှုအတွင်း အခြားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အများဆုံး

အာဖဂန်နစ္စတန်တွင် ၂၀၀၉ခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏တိုက်ခိုက်မှုခံရ၍ အရပ်သား ၂၄၀၀ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ၎င်းမှာ ၂၀၀၁ခုနှစ် ကျူးကျော်တိုက်ခိုက်ပြီးနောက် အရပ်သားများ သေဆုံးမှုအများဆုံးနှစ်ဖြစ်ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အီရတ်၌ ကားဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်တောင်ပိုင်း ရှာတာခရိုင်၌ ဧပြီ ၂၉ ရက်က ကားဗုံးပေါက်ကွဲသဖြင့် ရှစ်ဦးထက်မနည်း သေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် မေ၁ရက်က ဖော်ပြသည်။

သတင်းထုတ်ပြန်

အဆိုပါကားဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်များအပါအဝင် အရပ်ဘက်မော်တော်ယာဉ်အများအပြားပျက်စီးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းတိုက်ခိုက်မှုများသည် လက်ရှိ ရှီးယိုက်အစိုးရအဖွဲ့၏ အားနည်းချက်ကို ပေါ်လွင်စေရန် ရည်ရွယ်ခြင်းဖြစ်မည်ဟု သုံးသပ်သူအချို့က ဆိုသည်။

အီရတ်နိုင်ငံ တစ်ဝန်း၌ ဗုံးပေါက်ကွဲမှုများ အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်ညာ၌ မြေပြိုမှု ဖြစ်ပွား

နိုင်ရိုဘီ မေ ၂

ကင်ညာနိုင်ငံအနောက်ပိုင်း၌ မိုးအဆက်မပြတ် ရွာသွန်းပြီးနောက် မြေပြိုသဖြင့် ၁၀ ဦးထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းစာက မေ ၁ရက်တွင် ဖော်ပြသည်။

ကီတနီကျေးရွာ၌ မြေပြိုမှုဖြစ်ပွားသဖြင့် ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ထားကြောင်းနှင့် မြေပြိုမှုအတွင်း အများအပြား ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။ ထို့အပြင် သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း သိရသည်။

ကုသ

မြေပြိုမှုကြောင့် နေအိမ်ခြောက်လုံး ပြိုကျပျက်စီးခဲ့ရပြီး အခြား ၁၀ ဦးဒဏ်ရာရရှိကာ ဆေးရုံသို့ တင်ပို့ကုသပေးထားကြောင်း ကင်ညာကြက်ခြေနီအဖွဲ့မှ တီတပ်စ်မာအုက ပြောကြားသည်။

(အင်တာနက်)

မက်ဆီဒိုးနီးယားနယ်စပ်၌ လက်နက်များ သိမ်းဆည်းရမိ

တီရာနာ မေ ၂

မက်ဆီဒိုးနီးယားနိုင်ငံနယ်စပ်ရှိ ကျေးရွာတစ်ရွာအနီးမှ လက်နက်ခဲယမ်းအမြောက်အမြားကို ဧပြီ ၃၀ရက်ညပိုင်း၌ သိမ်းဆည်းရမိကြောင်း မက်ဆီဒိုးနီးယားရဲတပ်ဖွဲ့က ပြောကြားသည်။အဆိုပါသိမ်းဆည်းရမိသောလက်နက်ခဲယမ်းများတွင် စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများ၊ တင့်ကားဖျက်ဗုံးများနှင့် ဖောက်ခွဲရေးပစ္စည်းများ အများအပြားပါဝင်သည်ဟု ဆိုသည်။

အပြန်အလှန်ပစ်ခတ်

ရဲတပ်ဖွဲ့သည် အဆိုပါကျေးရွာအတွင်းရှိ လက်နက်သိုလှောင်ရာနေရာကို သတင်းအရစီးနင်းရှာဖွေခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတနှစ်ဦးဆွေးနွေး

တရုတ်သမ္မတ ဟူကျင်ထောင်းသည် ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသော တာ့ခ်မင်နစ္စတန်သမ္မတ ဘာဒီမက်ခါမူဒေါ့ဖ်နှင့် မေ ၂ ရက်ကတွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မက္ကဆီကိုသမ္မတ ဂျာမနီသို့ အလည်အပတ်ရောက်ရှိ

မက္ကဆီကိုသမ္မတ ဖီလစ်ကော်ဒရွန်သည် ဂျာမနီနိုင်ငံသို့ မေ ၂ရက်နှင့် ၃ရက်တို့တွင် အလည်အပတ်သွားရောက်ပြီး ရာသီဥတုပြောင်းလဲမှုညီလာခံကို ဂျာမန်ဝန်ကြီးချုပ် အင်ဂျယ်လာမာကယ်နှင့်အတူ ဖွင့်လှစ်ပေးကြောင်း သမ္မတရုံးက ပြောကြားသည်။

နယူးယောက်မြို့၌ ဗုံးလန့်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းစလဲယားရင်ပြင်အနီးတွင် မေ ၁ ရက်က ဗုံးဟုသံသယဖြစ်ဖွယ် အထုပ်တစ်ထုပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း၊ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း အမေရိကန်အရာရှိများက မေ ၂ ရက်၌ ပြောကြားသည်။

ရုရှားအာကာသယာဉ် အာကာသစခန်းနှင့်ချိတ်ဆက်

နိုင်ငံတကာအာကာသယာဉ်စခန်းအတွက် လိုအပ်သောပစ္စည်းအစိတ်အပိုင်းများ သယ်ဆောင်သွားသည့် ရုရှားအာကာသကုန်တင်ယာဉ်သည် မေ ၁ရက်တွင် မော်စကိုစံတော်ချိန် ည ၁၀ နာရီခွဲ၌ နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်မိခဲ့ပြီဖြစ်ကြောင်း နာဆာကသတင်းထုတ်ပြန်သည်။

အီးယူရေတပ်က ဆိုမာလီဓားပြ ၁၁ ဦးအားဖမ်းဆီး

ဆိုမာလီနိုင်ငံ အရှေ့ဘက်ကမ်းလွန် မိုင် ၄၅၀ ခန့်အကွာတွင် သင်္ဘောတစ်စင်းကို အပိုင်စီးရန် ကြိုးစားနေသော ဆိုမာလီပင်လယ်ဓားပြ ၁၁ ဦးအား လုံခြုံရေးကင်းလှည့်နေသော အီးယူရေတပ်သင်္ဘောတစ်စင်းက ဖမ်းဆီးခဲ့ကြောင်း အီးယူအရာရှိများက မေ ၁ရက်၌ ပြောကြားသည်။

ဆိုမာလီမြို့တော်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

***ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးမြို့တွင် မေ ၂ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၃၄ ဦးသေဆုံးပြီး လူ ၇၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း မိုဂါဒစ်ရှူးမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။** (အောက်ပုံ)*

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မေ ၂ရက်နံနက်က လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုကြောင့် ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က မေ ၂ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးတန့်နေ

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်နေလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ မေ၂ရက်ဈေးပိတ်ချိန်တွင် အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ယန်း၉၀ဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

သုံးထပ်အဆောက်အအုံ အန်ဟွေးပြည်နယ်၌ပြိုကျ

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်အရှေ့ပိုင်း၌ မေ ၁ရက်တွင် တည်ဆောက်ဆဲ သုံးထပ်အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ ဆောက်လုပ်ရေးအလုပ်သမား ၁၀ဦးသေဆုံးသည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ဧရာဝတီတိုင်း သီးနှံအထွက်နှုန်း တိုးမြှင့်ရေး နည်းပညာပေးဆွေးနွေးပွဲ ပုသိမ်၌ကျင်းပ

ပုသိမ် မေ ၂

ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ကြီးကြပ်မှုဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ် ဧရာဝတီတိုင်း သီးနှံအထွက်နှုန်း တိုးမြှင့်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဧရာဝတီတိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပရာ ဆွေးနွေးပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသာဒိုး၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်သိန်း၊ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပို့ချ

အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသာဒိုး၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး**(အပေါ်ပုံ)** မြေအသုံးချရေးဌာနခွဲမှပညာရှင်သုံးဦးက တစ်ဧက အထွက်နှုန်းတိုးရန် မြေပြုပြင်ရေးနှင့်မြေဆီလွှာ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ခေါင်းစဉ်သုံးခုဖြင့်လည်းကောင်း၊ မျိုးစေ့ဌာနခွဲမှပညာရှင်လေးဦးက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး ခေါင်းစဉ်ခုနစ်ခုဖြင့်လည်းကောင်း၊ ပိုးမွှားရောဂါဌာနခွဲမှ ဝန်ထမ်းခြောက်ဦးကပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းခေါင်းစဉ်ခုနစ်ခုဖြင့်လည်းကောင်း ဆွေးနွေးပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**

စမ်းချောင်းမြို့နယ် မြေနုလမ်း အမှတ် ၂၀နေ ဒေါက်တာဦးစိန်သွယ်(မြိတ်) မိသားစုက ဒေါ်မြင့်မြင့်လေး(ခ)ဒေါ်လေးလေး ကွယ်လွန်ခြင်း (၁၀)နှစ်ပြည့် အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ထီးလင်းမြို့နယ် ဝါးဘိုးချောင်ကျေးရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဂန့်ဂေါ မေ ၂

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝါးဘိုးချောင်ကျေးရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၁ရက်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်ထံမှ ပေးပို့လှူဒါန်းသော ဒို့ကျေးရွာဂျာနယ် အပါအဝင် မဂ္ဂဇင်း၊ ဂျာနယ် ၇၅အုပ်၊ ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်နေ ဦးအောင်ဝင်း-ဒေါ်နွဲ့ခင်မိသားစုထံမှ ပေးပို့လှူဒါန်းသည့် စာအုပ်ဂျာနယ်မျိုးစုံ ၇၅အုပ်၊ စာကြည့်တိုက်ရန်ပုံငွေအတွက် စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ်ခုနစ်သောင်းတို့ကို အလှူရှင်များကိုယ်စား ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးကျော်သန်းဆွေက ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှသန်းထံ ပေးအပ်လှူဒါန်းသည်။ *(ဝ၇၁)*

မှော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာ၌ ပေလေးပင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် မေ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာ ပေလေးပင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ဖွင့်လှစ်ပြီး စာကြည့်တိုက်များရှင်သန်ရေး၊ စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဟောပြောပြီး သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်စိုးသန္တာအေးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော ထင်းရှူးလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုး

သတိပြု




ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် စီစဉ် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်

နေပြည်တော် မေ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်နေသည့် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိုးတွင်းကာလအတွင်း လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် စီစဉ်ထားရှိရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တံတားသံပေါင်များ အချိန်မီရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်မှနေ၍ ဘိုးပိုင်တူးစက်သုံးလုံးဖြင့် ရေလယ်တိုင်ဘိုးပိုင်များ တစ်ပြိုင်နက်တူးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်အမှတ် RP (18)နှင့် RP (19) တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တည်ဆောက်နေမှုလုပ်ငန်းများ၊ Pile Cap လောင်း၍ Shaft တိုင်ထောင်ခြင်း လုပ်ငန်းနှင့် သံချည်သံကွေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပိုလန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၀ ခုနှစ် မေလ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာဒိုစလောစီကော စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၆)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ရသစုံ

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၀၉ -၂၀၁၀ အယ်လ်နီညိုရှင်းတမ်းနှင့် နာဂစ်မုန်တိုင်းထဲက အိပ်မက်မြို့၊ အိပ်မက်မြစ်၊ အိပ်မက်တံတား၊ အိပ်မက်အတွေး မျက်နှာဖုံးဆောင်းပါးများ၊ ရန်ကုန်မြို့တည် ၂၅၅နှစ်နှင့် မြို့တော်ခန်းမသက်တမ်း ၇၄ နှစ်၊ ကမ္ဘာတစ်ဝန်းလုံး ခြိမ်းခြောက်လာသည့် ရေရှားပါးမှုပြဿနာ ဘယ်လိုအဖြေရှာကြမလဲ၊ မိုးကိုမျှော်သည့် ပိတောက်တို့မောရာပြီ၊ ရေသန့်ဆိုတိုင်းသန့်ရဲ့လား စသည့်သတင်းဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စာရေးဆရာကြီးများ၏ အမြင်နှင့်သဘောထား၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သည့် ကရင်ပြည်သူ့ပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့၏ နိုင်ငံရေးအစဉ်အလာများကို စုစည်းတင်ပြထားသည့် သူတို့အမြင် သူတို့အကြောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည့် အဖွဲ့များ၊ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်ပြုသည့် အဖွဲ့များကို စုံလင်စွာဖော်ပြထားသည်။

ဝေဝေဆာဆာ

ထို့အပြင် မြန်မာပို့စ်ဂျာနယ်၏ အပတ်စဉ်ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်စဉ်များ၊ မှုခင်းစုံ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၂-၅-၂၀၁၀

ချောက်မြို့	၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၃ ဒီဂရီစင်တီဂရိတ်

တူရကီနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးတင်ယု သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၃

တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၀ ခုနှစ် ဧပြီ ၅ ရက်တွင် အင်ကာရာမြို့၌ တူရကီသမ္မတနိုင်ငံသမ္မတ မစ္စတာအဗ္ဗဒူလာဂူးလ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ဥတုရာသီ တောက်ကိုမှီ၏

❒ ရှု့ဖုံးမှ

နှလုံးခွဲစိတ်ကုသမှု စက်ရုပ်အသုံးပြု၍ ခွဲစိတ်



ကမ္ဘာ့ထိပ်တန်း နှလုံးအထူးကုအဖွဲ့ကြီးတစ်ဖွဲ့က နှလုံးခွဲစိတ်ကုသရာတွင် စက်ရုပ်လက်တံများသုံး၍ ပထမဆုံး ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့သည်။

လူနာ၏နှလုံးကို စက်ရုပ်များ အသုံးပြု၍ ခွဲစိတ်ခဲ့ရာတွင် ဆရာဝန်များက သီးခြားအခန်းတစ်ခန်းအတွင်းမှ လှုပ်ရှားမှုအားလုံးကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ လီဆစ္စတာဆေးရုံမှ ခွဲစိတ်ဆရာဝန်များက ပြောကြားသည်။

ကျန်းမာရေးတိုးတက်

အဆိုပါ ခွဲစိတ်ဆရာဝန်များအဖွဲ့သည် အသက် ၇၀ရှိ အမျိုးသား တစ်ဦးအား ခွဲစိတ်ကုသခဲ့ရာ အောင်မြင်မှုများရှိပြီး ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုသို့ ခွဲစိတ်ကုသမှုသည် ကမ္ဘာပေါ်၌ ပထမဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်တာနက်

ရိုလာကိုစတာစီးသူများ နားအကြားအာရုံထိခိုက်နိုင်

ရိုလာကိုစတာစီးခြင်းသည် နားအကြားအာရုံ ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ အရှိန်ပြင်းစွာ စီးနင်းလိုက်ပါရသော ရိုလာကိုစတာစီးသူများသည် ရုတ်တရက်လေဖိအားကြောင့် နားတွင်းအမြှေးပါးထိခိုက်ခံရ၍ အချိန်ကြာမြင့်စွာစီးလျှင် နားထိခိုက် ပျက်စီးနိုင်ကြောင်း ဒက်ထရွိုက်ဆေးတက္ကသိုလ်မှ ဆရာဝန်များက ပြောကြားသည်။

ထိခိုက်စေနိုင်

ရိုလာကိုစတာများသည် အန်နီမ့်အမြင့် လျင်မြန်စွာ လည်ပတ်သွားလာရခြင်းကြောင့် စီးနင်းလိုက်ပါသူများ၏ နားစည်ကိုထိခိုက်စေနိုင်သည်။

အမေရိကန်နိုင်ငံတွင် ရိုလာကိုစတာစီးသူအချို့သည် နားထိခိုက်မှုဖြစ်ပြီး အကြားအာရုံ ချို့ယွင်းလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။ ။

ကိုးကား-အင်တာနက်

စာလုံးဖော်အလှဆင်

ဧပြီ ၂ရက်က ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ကွမ်းလုံမြို့အဝင် သာယာလှပရေးအတွက် မြို့အဝင်မြေထိန်းနံရံကို ပန်းအလှပင်များဖြင့် စာလုံးဖော် အလှဆင် စိုက်ပျိုးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ကြီးမှူးကျင်းပသည့် ပထမအကြိမ် အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကိုလွင်က သက်ကြီးပူဇော်ပွဲသို့ လှူဒါန်းကြသော အလှူရှင်များ စာရင်းကို ဖတ်ကြားတင်ပြပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဦးသန်းမြတ်စိုးက ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်များ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ကို ဖတ်ကြား တင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပူဇော်ကန်တော့ခံ သက်ကြီး ဂီတပညာရှင်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး မြန်မာ့ရိုးရာဓလေ့ထုံးတမ်းနှင့် အညီ ကန်တော့ကြရာ ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများ ကိုယ်စား အမျိုးသားစာပေဆုရ စာရေးဆရာ ဒါရိုက်တာ ဗိုလ်ကလေးဦးတင့်အောင်က ဆုတောင်းမေတ္တာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူဇော်ကန်တော့

အဆိုပါ အခမ်းအနားတွင် သက်ကြီးဂီတပညာရှင် ၃၇ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်း ငါးသောင်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မေ ၂

မြင်းမူ၌ ထီးဆောင်း-အရာတော်လမ်း ကျောက်ချောလမ်းဖွင့်

မြင်းမူမြို့နယ်တွင် ထီးဆောင်း-အရာတော်လမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက်က အဆိုပါလမ်းမှန်ဦးရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဌေးလှိုင်၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်သောင်း၊ ထီးဆောင်းကျေးရွာ ဥက္ကဋ္ဌဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

လေရှီး၌ စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေးဆွေးနွေး

*လေရှီးမြို့ ပန်ဆပ်ကျေးရွာအုပ်စုတွင် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး နှင့် စာငှားကတ်စနစ် ကျင့်သုံးရေးအတွက် ဆွေးနွေးပွဲကို မတ် ၂၇ရက် နံနက် ၉နာရီ က ပန်ဆပ်ကျေးရွာ အလင်းပွင့်စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လကျော့ရဲက စံ(၅)ချက် နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)***

အရာတော်၌ နှလုံးခုန်နှုန်းစမ်းသပ်စက် ပေးအပ်လှူဒါန်း

မုံရွာခရိုင် အရာတော်မြို့ ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမတွင် နှလုံးခုန်နှုန်း စမ်းသပ်စက် ပေးအပ်လှူဒါန်းပွဲကို မတ် ၂၄ရက် နံနက် ၉နာရီကကျင်းပရာ ဆရာတော် ဦးဝိလာသနှင့် အလှူရှင်များ၏ကိုယ်စား ဦးချစ်အေးက ပေးအပ်လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဒေါက်တာသောင်းဝင်းတို့က လက်ခံယူကြသည်။ *(မြို့နယ် ပြန်/ဆက်)*

နွားထိုးကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

နွားထိုးကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် မျက်နှာစုံညီအစည်း အဝေးကို မတ် ၁၆ရက်က မြို့နယ်စုပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်မျိုး တက်ရောက်အမှာစကားပြောကြားပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဦးဌေးမြင့်အား ရွေးချယ်ကြသည်။ (ဝ၉၂)

ညောင်ရွှေ၌ အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်ရှင်းလင်း

တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း ရောင်းချနေသည့် အခွန်ထမ်းဆိုင်များ အခွန်ပေးဆောင်စေ၍ အခွန်အမှတ်တံဆိပ်များကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန် အတွက် လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို မတ် ၅ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးထွန်းသိန်းက အမှာစကားပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား မြိတ်၌ကျင်းပ

၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ မတ် ၂၄ရက် နံနက် ၉နာရီက ကျင်းပရာ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာမောင်မောင်မင်းသိန်းက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

သောက်သုံးရေ ပြတ်လပ်မှုမရှိရေး ဖလမ်း၌ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မြို့မှ ၅မိုင်၄ဖာလုံကွာဝေးသည့် ကျုန်ဇန်းနှင့် ထွာန်း ရေထွက်စမ်းရေများတွင် ရေဖမ်းကန်များ၊ အနည်ထိုင်ကန်များနှင့်ရေစစ်ကန်များ သန့်ရှင်း ရေးဆောင်ရွက်ခြင်းကို ဧပြီ ၂၂ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ် ဦးဆောင်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၄) ဦးမန်ဟရဲနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ *(ခရိုင် ပြန်/ဆက်)*

ချောင်းဦး၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာအုပ်စု ချောင်း မနား(က)ကျေးရွာ မျိုးမြတ်သိန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကို ဧပြီ ၂ရက် နံနက် ၉နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်နှင့်ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပုသိမ်ကြီး၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပုသိမ်ကြီးမြို့နယ် ငွေတောင်ကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲကို ဧပြီ ၄ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မီမီလွင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးဇော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ပညာအလင်းစာကြည့်တိုက် ချီဖွေမြို့ ဇန်နောင်ယန်ကျေးရွာ၌ဖွင့်

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ဇန်နောင်ယန်ကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၇နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဂျီခေါယိန်းနှင့် အလှူရှင်ကိုယ်စား ဦးလွမ်း ခေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ။ ***(ခရိုင် ပြန်/ဆက်)***

ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲ တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

သတင်းမှတ်စု - ကိုသစ္စာ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

နေပြည်တော် မေ ၂

ယနေ့ခေတ်တွင် လူမှုဘဝနေထိုင်မှုစနစ်များ ပြောင်းလဲလာသည်။ သွားလာနေထိုင်စားသောက်မှုများအပြင် ကုန်ပစ္စည်းရောင်းချမှု ပုံသဏ္ဌာန်များလည်း ဆန်းသစ်လာသည်။ လူမှုဘဝနေထိုင်မှုစနစ်နှင့် လိုက်လျောညီထွေစွာ ကုန်ပစ္စည်းရောင်းချပြသသည့် ကုန်စည်ပြပွဲများလည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ တွင်တွင်ကျယ်ကျယ် ကျင်းပလာ လျက် ရှိသည်။

အကျိုးရှိ

မြန်မာနိုင်ငံတစ်ဝန်း ကုန်စည်ပြပွဲများ ကျင်းပလျက်ရှိရာ ကုန်ပစ္စည်းထုတ်လုပ်သူများ အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မှု၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ဒေသခံပြည်သူများအား တိုက်ရိုက်ခင်းကျင်းပြသနိုင်မှုအပြင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပွင့်လန်းလာနိုင်မှုတို့ ရရှိစေနိုင်သလို ပြည်သူများအတွက်ကလည်း စစ်မှန်ပြီး အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းများကို တစ်နေရာတည်း တစုတစည်းတည်း မြင်တွေ့ရွေးချယ်ဝယ်ယူနိုင်သည့် အခွင့်အရေးရရှိစေမည်ဖြစ်သည်။

နိုင်ငံတော်အတွက်လည်း ကုန်စည်ပြပွဲများ နိုင်ငံတစ်ဝန်း နေရာအနှံ့ခင်းကျင်းပြသနိုင်ခြင်းသည် တစ်နိုင်ငံလုံးရှိ နယ်မြေဒေသ အသီးသီး၌ အေးချမ်းတည်ငြိမ်မှုကို ထင်ဟပ်စေသည်ဖြစ်ရာ အကျိုးရှိလှပေသည်။

ခင်းကျင်းပြသမည်

ထိုသို့ အဘက်ဘက်မှ အကျိုးရှိသော ကုန်စည်ပြပွဲမျိုးဖြစ်သည့် "ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းပြပွဲ (Electronic & Consumer Products Exhibition) ကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မေ ၁၂ရက်မှ ၁၆ရက်အထိ ခင်းကျင်းပြသတော့မည်ဖြစ်သည်။

အဓိကပံ့ပိုး

တောင်ကြီးမြို့၌ ကျင်းပမည့် "ပထမအကြိမ် အီလက်ထရွန်နစ်နှင့်လူသုံး ကုန်ပစ္စည်းပြပွဲ"ကို အဓိက စပွန်ဆာပေး ပံ့ပိုးကူညီခြင်းမှာ ဆမ်ဆောင်း၊ စတားနှင့် ဖူဂျီစသည့် အီလက်ထရွန်နစ်ပစ္စည်းများ ကို အဓိကဖြန့်ဖြူးနေသော အေအေ အီလက်ထရွန်နစ်အပြင် စွမ်းအားအီလက်ထရွန်နစ်နှင့် မာမားခေါက်ဆွဲတို့မှဖြစ်သည်။ ယင်းကုန်စည်ပြပွဲ ခင်းကျင်းပြသမှုကို Smart Business Group မှ တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်သည်။

"ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ"တွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မြန်မာနိုင်ငံတစ်ဝန်း အခြားမြို့ကြီးများရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ ပြခန်းပေါင်း ၁၃၀ကျော် ခင်းကျင်းပြသသွားမည် ဖြစ်သည်။ ထို့ကြောင့် ပြခန်းများစွာဖြင့် စည်ကားသိုက်မြိုက်မည်ဖြစ်ရာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပမည့် ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်း ကုန်စည်ပြပွဲတွင် ဆမ်ဆောင်းအီလက်ထရွန်နစ်ပစ္စည်းများကို ဤသို့ ခင်းကျင်းပြသမည်ဖြစ်သည်။

ပါဝင်မည်

တောင်ကြီးမြို့ မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသမည့် ယင်းကုန်စည်ပြပွဲ ပြခန်းများ၌ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်များ၊ ဖက်ရှင်အသုံးအဆောင်များ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ပြည်တွင်းပြည်ပဆေးဝါးများ၊ ပြည်တွင်းပြည်ပ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ ဂက်(စ်)မီးဖိုများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အိမ်ရာ အရောင်းပြခန်းများ၊ စက်မှုဇုန်ထုတ်ကုန်များနှင့် အခြားဒေသဆိုင်ရာ အသုံးအဆောင်ကုန်ပစ္စည်းများကို ခင်းကျင်းပြသသွားမည် ဖြစ်သည်။

ကိုက်ညီ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အနီးဝန်းကျင်ဒေသနေ ပြည်သူများအတွက် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်ပစ္စည်းများကို ဦးစားပေးခင်းကျင်းပြသသွားမည်ဖြစ်သလို ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြားစီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများရရှိစေရန် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများက ပြခန်းများ တိုက်ရိုက် လာရောက်ခင်းကျင်းပြသကြမည် ဖြစ်သည်။

ကြုံတောင့်ကြုံခဲ

တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ခင်းကျင်းပြသမည့် ကုန်စည်ပြပွဲသို့ ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြခန်းများဖြင့် ခင်းကျင်းပြသနိုင်သည့် အခွင့်အရေးရှိနေသည်။ ထိုသို့ ပြခန်းဖြင့် ခင်းကျင်းပြသလိုပါက ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်း ဖြန့်ကြက်လိုသူများအတွက် ကြုံတောင့်ကြုံခဲ အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်း ကုန်စည်ပြပွဲကျင်းပမည့် တောင်ကြီးမြို့ မြို့တော်ခန်းမ အဆောက်အအုံ····။

ဖျော်ဖြေမည်

ကုန်စည်ပြပွဲသို့ လာရောက်လေ့လာ ဝယ်ယူကြမည့် ပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းပေးမည်ဖြစ်ရာ ရန်ကုန်မြို့ စူပါစတား မော်ဒယ်လ်အဖွဲ့မှ ယနေ့နာမည်ကျော် မော်ဒယ်လ်နှင့် သရုပ်ဆောင်များက မော်ဒယ်လ်ရှိုးများ၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ကပြဖျော်ဖြေမှုများကို တင်ဆက်ပေးသွားမည်ဖြစ်သည်။ ထိုသို့ ကုန်စည်ပြပွဲကာလအတွင်း မော်ဒယ်လ်များနှင့် သရုပ်ဆောင်များက ဖျော်ဖြေရာတွင် ကုန်စည်ပြပွဲ၌ ပါဝင် ပြသလျက်ရှိသော ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို သရုပ်ပြရှင်းလင်းပြသမှုများလည်း ထည့်သွင်းထားသည်။ မော်ဒယ်လ်ရှိုးများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ပြပွဲလာပြည်သူများ အခမဲ့နေ့စဉ်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အခွင့်အရေး

ကုန်စည်ပြပွဲသို့ လာရောက်ကြမည့် ပြည်သူများအတွက် အီလက်ထရွန်နစ်ပစ္စည်းများကို ၁၀ရာခိုင်နှုန်းမှ ၇၀ရာခိုင်နှုန်းအထိလည်းကောင်း၊ လျှပ်စစ်ပစ္စည်းများကို ၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိလည်းကောင်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၅ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်း၊ စားသောက်ကုန်များကို ၂၀ရာခိုင်နှုန်း၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများကို ၅ရာခိုင်နှုန်းမှ ၃၅ရာခိုင်နှုန်း၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အလှဆင်ပစ္စည်းများကို ၃၀ရာခိုင်နှုန်း၊ ပြည်တွင်း ပြည်ပ တက္ကသိုလ်ကျောင်းဝင်ခွင့်နှင့် သင်တန်းများကို ၅၀ရာခိုင်နှုန်းအထိ လျှော့ချပြီး အထူးသက်သာစွာ ရောင်းချပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများအတွက် အထူးအခွင့်အရေးကောင်းပင်ဖြစ်သည်။

ပထမအကြိမ်

ထို့ကြောင့် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပတော့မည့် ပထမအကြိမ် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကုန်စည်ပြပွဲ၌ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြတော့မည်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ခင်းကျင်းပြသမည့် ကုန်စည်ပြပွဲသို့ ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြခန်းများဖြင့် ခင်းကျင်းပြသနိုင်သည့် အခွင့်အရေးရှိနေ။

ထိုသို့ ပြခန်းဖြင့် ခင်းကျင်းပြသလိုပါက ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်း ဖြန့်ကြက်လိုသူများအတွက် ကြုံတောင့်ကြုံခဲ အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်။

✳ ရှေ့ဖုံးမှ

ထိုပုဂ္ဂိုလ်ကား မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်ခိုင်ဖြစ်၏။

အကောင်အထည်ဖော်

ဦးအောင်ခိုင်က မြို့နယ်သမဝါယမဦးစီးဌာန အသင်းအနေဖြင့် ပေါင်းစည်းလယ်ယာကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လာရောက်လေ့လာစေလိုကြောင်း ဖိတ်ကြားသဖြင့် အချိန်ရလျှင် လာရောက်ပါမည်ဟု သာမန်မျှ ပြောလိုက်မိသည်။

စိတ်ကူးမိ

ဧပြီ ၁၉ရက် ညနေပိုင်းက ရောဝတီတံတား(ပခုက္ကူ) လုပ်ငန်းခွင်သို့ သွားရောက်လေ့လာရန်ရှိသဖြင့် အပြန်တွင် ဦးအောင်ခိုင်တို့၏ ပေါင်းစည်းလယ်ယာ လုပ်ငန်းခွင်သို့ ခဏတော့ ဝင်ရောက်လေ့လာမည်ဟု စိတ်ကူးမိ၏။

လှည့်ဝင်

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းခွင်သည် ဧရာဝတီတံတား(ပခုက္ကူ) စီမံကိန်းသို့သွားသည့် ညောင်ဦး-မြင်းခြံလမ်းမပေါ်တွင်ပင်ရှိသဖြင့် တံတားစီမံကိန်းမှ အပြန်တွင် ပေါင်းစည်းလယ်ယာ လုပ်ငန်းခွင်သို့ လှည့်ဝင်လိုက်သည်။

ညောင်ဦး-မြင်းခြံ ကားလမ်းပေါ် ညောင်ဦးမှ ရှစ်မိုင်ခွဲအကွာ လမ်းမဘေး ယာဘက်အခြမ်းတွင် ရှိသည်။

ပေါင်းစည်းလယ်ယာသို့ရောက်တော့ မှောင်ရီပျိုးစဖြစ်နေရာ မူလက ခဏတာမျှသာ လေ့လာမည်ဟု စိတ်ကူးရှိခဲ့သော်လည်း လုပ်ငန်းခွင်အတွင်း မြင်ကွင်းကြောင့် စာရေးသူ အချိန်ယူ မလေ့လာဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရသည်။

စီးပွားဖြစ်ထွန်း

ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်တွင် စပါးခင်းများကို မျက်စိတစ်ဆုံး မြင်ရသည်။ ငါးမွေးကန်များကိုလည်း အစီအရီ တွေ့ရသည်။ ငါးမွေးကန်များပေါ်တွင် ဆောက်ထားသော ဘဲခြံ၊ ဝက်ခြံများကို တွေ့ရသည်။ သီးခြားအဆောက်အအုံများဖြင့် နွား၊ ဆိတ် စသည်တို့ကို မွေးထားသည်။ ထို့အပြင် နွားချေးအသုံးပြုသည့် ဇီဝဓာတ်ငွေ့ကန်ကိုလည်း တွေ့ရသည်။ ၎င်းမှ လျှပ်စစ်မီး ထုတ်လုပ်နေသည်ဟုလည်း သိရသည်။ မြို့နယ်သမဝါယမ အသင်းစုက ထုတ်ချေးငွေ ကူညီသဖြင့် အနီးရှိ ကျေးရွာများမှ တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းလျက်ရှိကြောင်းလည်း သိရသည်။

မေးမြန်း

စာရေးသူ စိတ်မဝင်စားဘဲ မနေနိုင်တော့။ သို့သော် အချိန်ကမရှိတော့ပြီ။ သို့နှင့် နောက်တစ်နေ့ ဧပြီ ၂၀ရက်တွင် ပေါင်းစည်းလယ်ယာမှ တာဝန်ရှိသူများ အပါအဝင် အနီးရှိ ကျေးရွာများမှ တောင်သူအချို့ကိုပါ မေးမြန်းစူးစမ်းလို၍ ဖိတ်ကြားထားပေးပါရန် ဦးအောင်ခိုင်အား တောင်းဆိုလိုက်ရသည်။

ဧပြီ ၂၀ ရက် (အင်္ဂါနေ့)....။

ညောင်ဦး-မြင်းခြံ လမ်းမပေါ်ရှိ ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာ လုပ်ငန်းခွင်သို့အရောက်တွင် အသင်းစု၏ တာဝန်ရှိသူများအပြင် အနီးရှိကျေးရွာများမှ တောင်သူများကိုပါ တွေ့ရသည်။

စတင်လုပ်ကိုင်

ဦးစွာ ပေါင်းစည်းလယ်ယာနှင့် စပ်လျဉ်း၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်က ဤသို့ ရှင်းပြ၏။ “သမဝါယမဝန်ကြီးဌာနရဲ့ ဦးဆောင်မှု၊ ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာနရဲ့ ကြီးကြပ်မှုအောက်မှာ အခြေခံသမဝါယမအသင်း ၁၀၅သင်းနဲ့ အသင်းစုနှစ်စုက သမဝါယမလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အဲဒီအထဲက ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုအနေနဲ့ ပေါင်းစည်းလယ်ယာ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကို ညောင်ဦး-မြင်းခြံ ကားလမ်းမဘေး ညောင်ဦးမှ ရှစ်မိုင်ခွဲအကွာမှာရှိတဲ့ ဟောဒီ သူကောင်းတည်ကျေးရွာအုပ်စုမှာ ၂၀၀၉ခုနှစ် မတ်လ ၁၃ရက်က စတင်လုပ်ကိုင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်”။

ဆက်လက်၍ ဦးအောင်ခိုင်က “မူလက ဒီနေရာတွေဟာ စိုက်ပျိုးဖို့ ခက်ခဲတဲ့ ရေနက်ကွင်းတွေပါ။ အဲဒီထဲက မြေ ၅ ဒသမ ၃၁ ဧကကို ပေါင်းစည်းလယ်ယာ လုပ်ကိုင်ဖို့ လွှဲပြောင်းယူခဲ့တာ ဖြစ်ပါတယ်။ တစ်ဆက်တည်းပြောရရင် ပေါင်းစည်းလယ်ယာ လုပ်ကိုင်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ပတ်ဝန်းကျင် ကျေးရွာနေတောင်သူတွေရဲ့ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေဖို့ပဲ ဖြစ်ပါတယ်”။

စိုက်ပျိုးမြေ

ညောင်ဦးမြို့နယ် သူကောင်းတည် ကျေးရွာအုပ်စုရှိ အသင်းစု ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးမြေ ဧရိယာ ၃ဒသမ ၄၃ဧက၊ ဟင်းသီးဟင်းရွက်စိုက်ခင်း ဧရိယာ ဝဒသမ ဝ၈ဧက၊ ငါးကန်ဧရိယာ ဝဒသမ ၉၄ ဧက၊ ဘဲကန်ဧရိယာ ဝဒသမ ၁၀ ဧက၊ ရေမြောင်းနှင့် နွားခြံ၊ ဆိတ်ခြံ၊ ဝက်ခြံ အပါအဝင် အဆောက်အအုံ ဧရိယာ ဝဒသမ ၇၆ဧကရှိကြောင်း သိရသည်။

ဤနေရာတွင် စာရေးသူ စိတ်ဝင်စားသော အချက်များစွာ ရှိနေသည်။ အပူချိန် ၄၄ဒီဂရီစင်တီဂရိတ်မျှ ရှိနေသော နွေခေါင်ခေါင်တွင် မျက်စိတစ်ဆုံး မြင်နေရသည့် စိမ်းစိုနေသော စပါးခင်းများ၊ မိုးနည်းသောဒေသတွင် တသွင်သွင်စီးဆင်းနေသော ချောင်းငယ်မှ ရေများနှင့် ငါးကန်အတွင်း ကြည်စိမ်းနေသော ရေပြင်၊ သီးနှံများ ဝေဆာနေသော စိုက်ခင်း၊ ဤမျှမက လျှပ်စစ်မီးပေးနေသော ဇီဝဓာတ်ငွေ့ကန် စသည်စသည်တို့သည် စာရေးသူ၏ စိတ်အာရုံကို ဖမ်းစားလျက်ရှိသည်။

နွေစပါး

စိမ်းစိုနေသော စပါးခင်းများနှင့် နွေရာသီမှာ စိုက်ပျိုးရေ ရရှိမှုနှင့် စပ်လျဉ်း၍ မေးကြည့်ရာ အသင်းစု ဦးစီးအရာရှိ ဦးအောင်ခိုင်က “စိုက်ပျိုးထားတာက ၉၀/၃၉ စပါးမျိုး၊ ၁၁၀/၃၅ စပါးမျိုးနဲ့ မနောသုခ စပါးမျိုးတွေပဲ ဖြစ်ပါတယ်၊ နွေစပါးတွေပါ။ စပါးခင်းတွေကို စိမ်းစိမ်းစိုစိုနဲ့ မြင်နေရတာကတော့ သူကောင်းတည် မြစ်ရေတင်စီမံကိန်းက ပို့လွှတ်လိုက်တဲ့ စိုက်ပျိုးရေရဲ့ ကျေးဇူးကြောင့်ပါပဲ။ ဒီအနီးအနားမှာရှိတဲ့ စိုက်ပျိုးမြေတွေဟာ အခုလို နွေအခါမှာ မြစ်ရေတင်စီမံကိန်းတွေနဲ့ ဆည်တမံတွေရဲ့ ကျေးဇူးကြောင့် နွေစပါးတွေကို အထွက်တိုးအောင် စိုက်ပျိုးနိုင်ကြပါပြီ”။

ငါးကန်များ၏ ရေပြင်အလယ်တွင် ခြေတံရှည် ဘဲခြံနှင့် ဝက်ခြံများကို ဆောက်ထားသည်။ ၎င်းနှင့် စပ်လျဉ်း၍ အသင်းစု ဒါရိုက်တာအဖွဲ့ဝင် ဦးသိန်းထွန်းက “ဒီငါးကန်တွေထဲမှာ ငါးတန်၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးကြင်းမျက်ဆန်နီ၊ ငါးခုံးမ၊ ငွေရောင်ငါးကြင်း စတာတွေကို မွေးထားပါတယ်။ သူတို့ရဲ့ ငါးစာကတော့ ဝက်ချေးနဲ့ ဘဲချေးတွေပါပဲ။ ငါးတွေအတွက် အစာဖိုး အများကြီး သက်သာပါတယ်။ ဒါကြောင့် ငါးကန်တွေပေါ်မှာ ဘဲခြံနဲ့ ဝက်ခြံတွေကို တွေ့မြင်နေရတာပဲ ဖြစ်ပါတယ်”။

အကျိုးဖြစ်ထွန်း

ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်ခိုင်က ဖြည့်စွက်ရှင်းလင်းရာ “ပေါင်းစည်းလယ်ယာရဲ့ အဓိက လုပ်ငန်းတွေကတော့ စပါးစိုက်ပျိုးရေး၊ ရာသီ သီးနှံစိုက်ပျိုးရေး၊ နွား၊ ဝက်၊ ဆိတ်၊ ဘဲ၊ ငါးမွေးမြူရေးနဲ့ ဇီဝဓာတ်ငွေ့ ထုတ်လုပ်ရေးပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ နွားချေးကနေ တစ်ဆင့် ဇီဝဓာတ်ငွေ့ ထုတ်လုပ်ရေးဟာ ကျေးလက်နေပြည်သူတွေအတွက် များစွာပဲ အကျိုးဖြစ်ထွန်းလျက် ရှိပါတယ်။ ကျေးရွာတွေမှာ ဇီဝဓာတ်ငွေ့နဲ့ လျှပ်စစ်မီး ထွန်းညှိအသုံးပြုနေကြပါပြီ”။

သုံးသီးစိုက်ပျိုးနိုင်

၎င်းနောက် တောင်သူအချို့ကို မြို့နယ်သမဝါယမအသင်း၏ ကူညီထောက်ပံ့မှုနှင့် ပေါင်းစည်းလယ်ယာပေါ်မှရရှိသည့် အကျိုးကျေးဇူးများကို မေးမြန်းခဲ့ရာ သူကောင်းတည်ကျေးရွာမှ ဦးမြဟန်က “ပေါင်းစည်းလယ်ယာဟာ ကျွန်တော်တို့အတွက် စံပြလုပ်ငန်းပါပဲ။ စိုက်ပျိုးမွေးမြူရေးအတွက် နည်းစနစ်တွေ ရတဲ့အပြင် စိုက်ပျိုးစရိတ်ချေးငွေတွေကိုလည်း အတိုးနှုန်း သက်သက်သာသာနဲ့ ထုတ်ချေးပေးတဲ့အတွက် တစ်နှစ်မှာ သုံးသီးစိုက်ပျိုးနိုင်ပြီ ဖြစ်ပါတယ်”။

အလွန်သက်သာ

ထို့နောက် သူကောင်းတည်ကျေးရွာသား ဦးကျော်ဝင်းကို စိုက်စရိတ်ချေးငွေနဲ့ပတ်သက်၍ “မြို့နယ်သမဝါယမအသင်းစုက တောင်သူတွေကို စိုက်ပျိုးရာသီ လေးလ တစ်ရာသီကို တစ်ဧက ကျပ် ငါးသောင်း ထုတ်ချေးပါတယ်။ အတိုးနှုန်းက အလွန်သက်သာပါတယ်။ နှစ်ကျပ်ခွဲပဲ ရှိပါတယ်။ အဲဒီငွေကျပ်ငါးသောင်းထဲက တောင်သူတွေက ငွေကျပ်ငါးထောင်ကို အသင်းမှာ ပြန်စုကြတော့ အဲဒီအပေါ်က အတိုးငွေ ပြန်ရပါတယ်။ တွက်လိုက်ရင် ကျပ်ငါးသောင်း ချေးငွေအပေါ်မှာ အတိုးငွေ တစ်ကျပ်ခွဲပဲ ရှိတော့တဲ့သဘော

> **“ပေါင်းစည်းလယ်ယာလုပ်ငန်းနဲ့ တောင်သူတွေရဲ့ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေချင်လို့ပါ”**
>
> ဦးအောင်ခိုင်(ဦးစီးအရာရှိ)
> မြို့နယ်သမဝါယမဦးစီးဌာန။

စံပြစပါးစိုက်ခင်း

နွေလယ်နေအကြား အောင်မြင်ဖြစ်ထွန်းနေသော ပေါင်းစည်းလယ်ယာ လုပ်ငန်းခွင်မှ စံပြစပါးစိုက်ခင်းများ။

ဘဲမွေးမြူရေးခြံ

ငါးကန်ပေါ်တွင် ဘဲမွေးမြူရေးခြံဆောက်... ၂၀ရက်က တွေ့ရစဉ်။

ငါးမွေးမြူရေးကန်

ငါးမွေးမြူရေးကန်အတွင်းမှ ငါးများကို အနီးဝန်းကျင်ကျေးရွာများသို့ ရောင်းချနိုင်ရန် ဧပြီ ၁၉ရက်က ဤသို့ ဖမ်းယူခဲ့ကြသည်။

ဘဲနှင့်ဝက်မွေးမြူရေးခြံများ

ငါးကန်များပေါ်၌ ဘဲနှင့် ဝက်မွေးမြူရေးခြံများကို ဤသို့ ဆောက်လုပ်ထားသည်။

"ပေါင်းစည်းလယ်ယာလုပ်ငန်းနဲ့ တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေချင်လို့ပါ"

ဦးအောင်ခိုင်(ဦးစီးအရာရှိ) မြို့နယ်သမဝါယမဦးစီးဌာန။

"နွေ၊ မိုး၊ ဆောင်း သုံးသီးစိုက်နိုင်ပါတယ်၊ ပေါင်းစည်းလယ်ယာလုပ်ငန်းကို လုပ်ကိုင်ဖို့စိတ်ဝင်စားပါတယ်"

ဦးသန်းဇော် (တောင်သူ) သူကောင်းတည်ကျေးရွာ။



"ညောင်ဦးမြို့နယ် သမဝါယမအသင်းစုရဲ့ ကူညီမှုနဲ့ နွေစပါး၊ မိုးစပါးနဲ့ ဆောင်းမှာ ကုလားပဲတို့ကို စိုက်ပျိုးနိုင်ခဲ့ပါတယ်"

ဦးကျော်ဝင်း (တောင်သူ) သူကောင်းတည်ကျေးရွာ။

အထူးအောင်မြင်

ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင် အခြေခံ သမဝါယမအသင်းများ၊ အသင်းစုများ၏ လုပ်ငန်းများကားများပြားလှသည်။ လယ်ယာကဏ္ဍအနေဖြင့် နွေစပါး၊ မိုးစပါး၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ စသည့် သီးနှံဧက စုစုပေါင်း ၁၇၃၅၀ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေးအနေဖြင့် ဝက်ကောင်ရေ နှစ်ထောင်ကျော်၊ ဆိတ်ကောင်ရေ ရှစ်ထောင်ကျော်၊ ကြက်ကောင်ရေ ကိုးသောင်းကျော် အပါအဝင် အခြားငါးနှင့် နွားများကို မွေးမြူလျက်ရှိသည်။ ကျေးလက်ရေပေးဝေရေးလုပ်ငန်းအဖြစ် စက်ရေတွင်းပေါင်း ၃၂တွင်းဖြင့် အိမ်ထောင်စုပေါင်း ၁၁၆၃၂ အိမ်ထောင်စုအား သောက်သုံးရေ ဖူလုံစွာ ပေးဝေလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ညောင်ဦးမြို့နယ် သမဝါယမအသင်းများအနေဖြင့် ဂျီအီးစီပညာရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထူးအောင်မြင်လျက်ရှိကြောင်း သိရသည်။

ငါးကန်ပေါ်တွင် ဘဲမွေးမြူရေးခြံဆောက်လုပ်ထားသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။

စနစ်တွေ ရတဲ့အပြင် စိုက်ပျိုးစရိတ်ချေးငွေတွေကိုလည်း အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ချေးပေးတဲ့အတွက် တစ်နှစ်မှာ သုံးသီးစိုက်ပျိုးနိုင်ပြီ ဖြစ်ပါတယ်"။

အလွန်သက်သာ

ထို့နောက် သူကောင်းတည်ကျေးရွာသား ဦးကျော်ဝင်းကို စိုက်စရိတ်ချေးငွေနဲ့ပတ်သက်၍ "မြို့နယ်သမဝါယမအသင်းစုက တောင်သူတွေကို စိုက်ပျိုးရာသီ လေးလ တစ်ရာသီကို တစ်ဧက ကျပ် ငါးသောင်း ထုတ်ချေးပါတယ်။ အတိုးနှုန်းက အလွန်သက်သာပါတယ်။ နှစ်ကျပ်ခွဲပဲ ရှိပါတယ်။ အဲဒီငွေကျပ်ငါးသောင်းထဲက တောင်သူတွေက ငွေကျပ်ငါးထောင်ကို အသင်းမှာ ပြန်စုကြတော့ အဲဒီအပေါ်က အတိုးငွေ ပြန်ရပါတယ်။ တွက်လိုက်ရင် ကျပ်ငါးသောင်း ချေးငွေအပေါ်မှာ အတိုးငွေ တစ်ကျပ်ခွဲပဲ ရှိတော့တဲ့သဘောဖြစ်ပါတယ်။ ချေးငွေတွေကိုတော့ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ဓာတ်မြေဩဇာတွေ ဝယ်ယူတဲ့နေရာမှာ သုံးပါတယ်"။

ပြောကြား

တောင်သူဦးသန်းဇော်က "ကျွန်တော်တို့ ပေါင်းစည်းလယ်ယာလုပ်ငန်းကို စိတ်ဝင်စားပါတယ်။ ငွေကြေးစုဆောင်းမိလာရင်တော့ လုပ်မယ်လို့ စိတ်ကူးထားပါတယ်။ လုပ်ချင်တဲ့ ဆန္ဒရှိကြောင်းကိုလည်း ဒီက မြို့နယ်သမဝါယမမှ တာဝန်ရှိသူတွေကို တင်ပြထားပါတယ်" ဟု ပြောကြားလေသည်။

အထောက်အကူပြု

၎င်းတို့အနက် စာရေးသူ လက်တွေ့ကွင်းဆင်းလေ့လာခွင့်ရခဲ့သော ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးစနစ် ဆန်းသစ်တီထွင်မှုသည်ကား ဒေသနေ တောင်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိနေသည်မှာ အထင်အရှားဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ဇီဝဓာတ်ငွေ့ကန်

ဇီဝဓာတ်ငွေ့ကန်ကို ဤသို့ တွေ့ရသည်။

STI ၌ စင်ကာပူ လူ့စွမ်းအားအရင်းအမြစ်

အသိအမှတ်ပြုလက်မှတ် လျှောက်ထားနိုင်

ရန်ကုန် မေ ၂

ယခုအခါ (HR) ဘာသာရပ်သည် အဖွဲ့အစည်းတစ်ခုအောင်မြင်မှုနှင့် ဝယ်သူစိတ်ကြိုက်ဖြစ်စေရန်အတွက် အထောက်အပံ့ပေးရုံသာမကတော့ဘဲ အဓိကစွမ်းဆောင်ရှင်ဖြစ်လာသည်။ STI သည် စင်ကာပူ လူ့စွမ်းအားအရင်းအမြစ်တက္ကသိုလ်နှင့် တစ်ဦးတည်း သီးသန့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အခြေခံကောင်း

Singapore HR Accreditation Framework ကို ကမ္ဘာ့စံချိန်စံညွှန်းများနှင့်အညီ စင်ကာပူနိုင်ငံ၏ စီးပွားရေးစိန်ခေါ်မှုများကို ထိုးဖောက်စေနိုင်မည့် အခြေခံကောင်းများအပေါ် မူတည်၍ တည်ဆောက်ထားသည်။

စင်ကာပူ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အသိအမှတ်ပြုအောင်လက်မှတ်သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စံချိန်စံညွှန်းသတ်မှတ်ရေးတို့တွင် အဓိကအရေးပါလျက်ရှိသည်။ မိမိ၏ အမှတ်တံဆိပ်နှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် အသိအမှတ်ပြု အောင်လက်မှတ် ရရှိခြင်းဖြင့် မိမိအဖွဲ့အစည်းနှင့် ကိုယ်ပိုင်အရည်အသွေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစီ (သို့မဟုတ်) အသင်းအဖွဲ့အလိုက် စွမ်းဆောင်ရည်နှင့် စံချိန်စံညွှန်းသတ်မှတ်ချက်များ မြင့်မားလာမည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

စီးပွားရေး လုပ်ငန်းရှင်များ၊ လူ့စွမ်းအားအရင်းအမြစ် ပညာရှင်များ၊ မန်နေဂျာများ၊ အရောင်းတာဝန်ခံများ အနေဖြင့် ယင်းအောင်လက်မှတ် ရရှိထားခြင်းဖြင့် လူသားအရင်းအမြစ်ဆိုင်ရာ ဆုံးဖြတ်ချက်များ မှန်ကန်စွာ ချနိုင်ခြင်း၊ လူသားအရင်းအမြစ်နှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများ၊ အကြံပေးသူများ၊ သင်တန်းဆရာများနှင့် ထိထိမိမိ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းအောင်လက်မှတ်ကို Singapore Human Resources Institute (SHRI) က ထုတ်ပေးမည်ဖြစ်သည်။

အသိအမှတ်ပြု အဆင့်(၄)မျိုးရှိသည်။ HRA, HRP, SHRP နှင့် HR Specialist တို့ဖြစ်သည်။

လျှောက်ထားနိုင်

HRA မှာ Human Resource Associate ဖြစ်ပြီး ကုမ္ပဏီများ၊ အဖွဲ့အစည်းများတွင် HR Assistant, HR Executive, HR officer အဖြစ် နှစ်နှစ်နှင့်အောက် လုပ်သက်အတွေ့အကြုံရှိသူများ လျှောက်ထားနိုင်သည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရထားပြီး လုံလောက်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အတွေ့အကြုံ ဗဟုသုတရှိသူဖြစ်ရမည်။

HRP မှာ Human Resource Professional ဖြစ်ပြီး ကုမ္ပဏီများ၊ အဖွဲ့အစည်းများတွင် ၁၀နှစ်နှင့်အောက် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများ လျှောက်ထားနိုင်သည်။

SHRP သည် Senior Human Resource Professional ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ၁၀နှစ်နှင့်အထက်ရှိသော HR Manager, Senior HR Manager (သို့မဟုတ်) SHRP အဖြစ် သင့်လျော်သလို ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

နောက်ဆုံးအမျိုးအစားမှာ HR Specialist ဖြစ်သည်။ HR Specialist ကို မိမိကျွမ်းကျင်ရာ ဘာသာရပ်နယ်ပယ်အလိုက် သီးသန့်ခွဲခြားသတ်မှတ်ပေးမည်ဖြစ်ပြီး အောင်လက်မှတ်ရရှိပြီးပါက မိမိ၏လုပ်ဖော်ကိုင်ဖက်များအကြားတွင် ထူးခြားပေါ်လွင်စွာ စွမ်းဆောင်နိုင်မည်ဖြစ်သည်။

စာရင်းပေးသွင်း

၎င်းအပြင် Certificate in Human Resources Management နှင့် Diploma in Human Resources Management သင်တန်းများကို စတင်ဖွင့်လှစ်တော့မည်ဖြစ်ရာ ၎င်းသင်တန်း အောင်မြင်ပြီးသူများအား Accreditation လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ရာ STI Education တည်ရှိရာ အမှတ်၃၇၇ ရွှေဘုံသာလမ်း (အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ အဆောင်(၄) အခန်း-၇ မြန်မာအင်ဖိုတက်ခ်၊ လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၀၄၆၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မကျီးကွင်း-ယင်းတောလေး မြေသားလမ်းဖွင့်ပွဲကို ဧပြီ ၃ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ မြန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးဆုရရှိသူများ

ရန်ကုန် မေ ၂

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ရေးကော်မတီက (၂၀၀၉-၂၀၁၀)ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သူတို့ရရှိ

ဆေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်ဆေးတက္ကသိုလ် (၁)မှ မအေးအိသဇင်ကျော် (ဘ)ဦးကျော်ထွန်း၊ ရန်ကုန်ဆေးတက္ကသိုလ် (၂)မှ မောင်ပိုင်ကျင်းထန် (ဘ)ဦးဘွေးထန်နှင့် မောင်မိုးကျော်ကျော် (ဘ)ဦးအေးလွင်၊ မန္တလေးဆေးတက္ကသိုလ်မှ မကေးကေးဇော် (ဘ)ဦးဇော်မင်း၊ မောင်ခန့်ဇွဲအောင် (ဘ)ဦးညီညီလွင်နှင့် မရွှေမြ (ဘ)ဦးမောင်ကျော်၊ မကွေးဆေးတက္ကသိုလ်မှ မထက်ထက်ဝင်းခိုင် (ဘ)ဦးဝင်းခိုင်၊ မအိမ်သူဆွေ (ဘ)ဦးမြင့်ဆွေ၊ မကေသီစိုး (ဘ)ဦးမြင့်စိုး၊ မောင်ဇင်လင်းဦး (ဘ)ဦးမြင့်သိန်း၊ မောင်စိုင်းစည်သူမျိုးအောင် (ဘ) ဦးမျိုးအောင်၊ မောင်ဇော်မျိုးဝင်း (ဘ)ဦးဦးတင်မောင်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ မမိယွန်းကေခိုင် (ဘ)ဦးမင်းဌေးလွင်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ မနန်းကေမီကို (ဘ)ဦးစိုင်းနေဝင်းကြည်၊ မောင်ဇျက်ဂျဲအို (ဘ)ဦးဇိုင်မန်းတို့အား ငွေကျပ် ၅၀၀၀၀စီ၊ အစိုးရနည်းပညာတက္ကသိုလ်/ကောလိပ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်နည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှ မောင်အောင်ခိုင်ခန့် (ဘ) ဦးဝင်းရှိန်၊ နည်းပညာတက္ကသိုလ်(တောင်ငူ)မှ မသဲစုစံ (ဘ)ဦးသက်နောင်၊ နည်းပညာတက္ကသိုလ်(မော်လမြိုင်)မှ မောင်ညီညီအောင် (ဘ)ဦးမောင်သန်းရွှေ၊ နည်းပညာတက္ကသိုလ်(မြင်းခြံ)မှ မအေးသန်း (ဘ)ဦးထွန်းကြည်၊ နည်းပညာကောလိပ်(မိုးညှင်း)မှ မောင်စည်သူထွန်း (ဘ)ဦးပီတာစိန်ထွန်းတို့အား ငွေကျပ် ၄၀၀၀၀စီ၊ စီးပွားရေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မမေဇွန်ဝင်း (ဘ)ဦးဝင်းထိန်၊ မထူးသဉ္ဇာလင်း (ဘ)ဦးသိန်းအောင်နှင့် မောင်ဇော်မျိုးနိုင် (ဘ)ဦးဝင်းလှိုင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ မခိုင်ခိုင်ခန့် (ဘ)ဦးကျော်ဌေးနှင့် မသက်စုဝေ (ဘ)ဦးတင်ဝေတို့အား ငွေကျပ် ၄၀၀၀၀စီ၊ ပညာရေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မောင်ခင်ကျော် (ဘ)ဦးမောင်မောင်စီနှင့် မအေးမြတ်မွန် (ဘ)ဦးတင်ငွေ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မနှင်းသန္တာအောင် (ဘ)ဦးတင်ထွန်းနှင့် မောင်ပြည့်ဖြိုးမြင့် (ဘ)ဦးစံမြင့်၊ ပုသိမ်ပညာရေးကောလိပ်မှ မနန့်အေးအေးအောင် (ဘ)ဦးမန်းသန်းအောင်တို့အား ငွေကျပ် ၄၀၀၀၀စီ၊ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်သင်တက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ဒဂုံတက္ကသိုလ်(ရန်ကုန်)မှ မောင်ကျော်လင်းဦး (ဘ)ဦးလှဝင်း၊ မပွင့်ဝေဖြိုး (ဘ)ဦးလှရွှေနှင့် မောင်နေလင်းဇော် (ဘ)ဦးအားကီးလယ်၊ ရတနာပုံတက္ကသိုလ်(မန္တလေး)မှ မမျိုးသန္တာဦး (ဘ)ဦးဖိုးထူး၊ မကွေးတက္ကသိုလ်(မကွေး)မှ မသဉ္ဇာဆုနိုင် (ဘ)ဦးဝင်းမြင့်နိုင်နှင့် မောင်နိုင်ဇေလင်း (ဘ)ဦးသန်းအေး၊ မုံရွာတက္ကသိုလ်မှ မအိထက်ငြိမ်း (ဘ)ဦးတင်ဦး၊ လားရှိုးတက္ကသိုလ်မှ မနန်းဆုမြတ်ကျော် (ဘ) ဦးစိုင်းမောင်မောင်လွင်၊ ကလေးတက္ကသိုလ်မှ မအိအိဖြိုး (ဘ)ဦးဖိုးရွှေ၊ ပဲခူးဒီဂရီကောလိပ်မှ မအိသန္တာခင် (ဘ)ဦးမောင်ချိုတို့အား ငွေကျပ် ၃၀၀၀၀စီ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တက်ရောက်နေကြသူများမှ ရေဆင်းစိုက်ပျိုးရေးကတ္တသိုလ်မှ မောင်ဝေယံအောင် (ဘ)ဦးကျော်ဆွေ၊ မဇင်မာနွယ် (ဘ)ဦးတင်ထွန်း၊ မအေးသန္တာကျော် (ဘ)ဦးနန္ဒကျော်သူ၊ မောင်ရဲနိုင် (ဘ)ဦးဝင်းနိုင်နှင့် မမိမိဇင် (ဘ)ဦးစန်းငွေတို့အား ငွေကျပ်၃၀၀၀၀စီ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ တက်ရောက်နေကြသူများမှ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မဝါဝါမိုးသိမ့် (ဘ)ဦးအောင်ကျော်မြင့်၊ မဟန်နီဝေ (ဘ)ဦးသန်းငွေနှင့် မအိအိခိုင် (ဘ)ဦးညွန့်တင်တို့အား ငွေကျပ် ၃၀၀၀၀စီ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူကိုယ်တိုင်

အထက်ပါ ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ ကျောင်းသား ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေး ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(သို့မဟုတ်) မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်(ရုံးချုပ်) အမှတ် (၁၆၅/၁၆၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅တို့သို့ အမြန်ဆုံးဆက်သွယ်ရန်ဖြစ်သည်။ (ရန်ကုန်၊ မော်ဘီ၊ လှိုင်သာယာနှင့် ဒဂုံမြို့နယ်များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် ပါမောက္ခချုပ် (သို့မဟုတ်) မော်ကွန်းထိန်း ထောက်ခံချက်နှင့် ကျောင်းသားကတ်မူရင်းတို့ဖြင့် လူကိုယ်တိုင်လာရောက် ဆက်သွယ်ရန်) ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆု ချီးမြှင့်ရေးကော်မတီက ကြေညာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

၁ ကျော်ဖုံးမှ

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က ဆောင်ရွက်လျက်ရှိတဲ့ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အသက်ကယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် မီးဘေးကင်းဝေးစေရေးဆိုင်ရာ သိကောင်းစရာများကို ပြည်သူများသိရှိစေနိုင်ရန် မိမိတို့သတင်းအဖွဲ့သည် မီးသတ်ဦးစီးဌာန(ရုံးချုပ်)တည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ရဲဗလကိုကိုလှိုင်နှင့် တွေ့ဆုံခဲ့ရာ ၎င်းက နိုင်ငံတော်၏ အရန်အင်အားအဖြစ် အမြဲတမ်းအသင့်ရှိနေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေနဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်အပြင် သဘာဝအလျောက်ဖြစ်ပွားတတ်တဲ့ ရေဘေး၊ လေဘေး၊ ငလျင်ဘေးအစရှိတဲ့ ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ရန်ဆိုတဲ့ ရည်ရွယ်ချက်နှင့်အညီ နိုင်ငံတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုကို

မီးသတ်တပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြစဉ်။

ခံယူပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၉ ခုနှစ်အတွင်း မီးလောင်မှု (၇၁၄)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဒီမီးလောင်မှုတွေဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးတည်ဆောက်တဲ့နေရာမှာ ကြီးမားတဲ့ အဟန့်အတားတွေပဲဖြစ်ပါတယ်။ ၂၀၁၀ခုနှစ်မှာ ၂၀၀၉ ခုနှစ်ထက် မီးလောင်မှု အကြိမ်ရေနဲ့ ဆုံးရှုံးမှုတွေပါ လျော့နည်းကျဆင်းအောင် မီးသတ်ဦးစီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိပေမယ့် မန္တလေး ရတနာပုံဈေးနဲ့ မြန်မာ့ဝိုင်နှင့် အရက်ချက်စက်ရုံတို့လို ဆုံးရှုံးမှုမျိုးဟာ ပမာဏကြီးမားလှပါတယ်။ ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ လူထုပညာပေး လုပ်ငန်းတွေအပြင် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများကိုလည်း အရေးပေါ်မီးငြိမ်းသတ်နည်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိရာ လိုအပ်ပါက မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းကို အသိပေးလိုပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်နယ်၊ တိုင်း၊ မြို့နယ်များရှိ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများကို ၁၉၉၇ ခုနှစ်"မီးသတ် တပ်ဖွဲ့ဥပဒေ"နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူတွေအနေနဲ့လည်း ကိုယ်တိုင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေမှာ ပင်ကိုနိုးကြားတဲ့အသိစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်သလို မီးငြိမ်းသတ်ရေး၊ ဘေးအန္တရာယ်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းတွေမှာလည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မီးသတ်လုပ်ငန်းဟာ လူတိုင်းနဲ့သက်ဆိုင်ပါတယ်။ လူတစ်ယောက်ချင်းမှသည် အများသူငါအားလုံး မီးကိုဂရုတစိုက်သုံးစွဲမှသာ မီးလောင်မှုတွေ လျော့နည်းကျဆင်းလာမှာ ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်သူတွေ မီးဘေးအန္တရာယ်နဲ့ အခြားအန္တရာယ်တွေက ကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲမှာ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာနှင့်အတူ စစ်ဆေးခြင်းလုပ်ငန်းဟာလည်း အဓိကကျပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါမှာ မီးဘေးလုံခြုံမှုနဲ့ အရေးပေါ်လွတ်မြောက်မှု အစီအမံတွေပါရှိဖို့ မီးသတ်ဦးစီးဌာနက စစ်ဆေးအကြံပေးလျက်ရှိနေပါတယ်။ အဆောက်အအုံ မဆောက်လုပ်မီ မီးသတ်ဦးစီးဌာနကို ပုံစံတင်ပြအစစ်ဆေးခံဖို့ လိုအပ်ပါတယ်။ တင်ပြလာတဲ့ပုံစံမှာ လိုအပ်တဲ့မီးဘေးလုံခြုံမှုနဲ့ အရေးပေါ်လွတ်မြောက်မှုဆိုင်ရာအချက်တွေကို မီးသတ်ဦးစီးဌာနက ဖြည့်စွက်အကြံပြု ညွှန်ကြားပေးပါတယ်။ အဆောက်အအုံဆောက်ပြီဆိုတာနဲ့ မီးသတ်ဦးစီးဌာနရဲ့ မီးဘေး ကြိုတင်ကာကွယ်ရေးထားရှိခြင်း၊ အကြံပြု ညွှန်ကြားချက်တွေကို အပြည့်အဝ ပါဝင် လိုက်နာဆောင်ရွက်ဖို့လိုပါမယ်။ ဥပမာ လေဝင်လေထွက်စနစ်၊ မီးခိုးထွက်မှုစနစ်၊ ရေရရှိမှုစနစ်၊ မီးငြိမ်းသတ်မှုစနစ်၊ အရေးပေါ်ထွက်ပေါက်၊ မီးသတ်လှေကား၊ မီးသတ် ရေတိုင်ငုတ်၊ ရေပက်ပိုက်လိပ်တွေ စတဲ့ အချက်တွေပါရှိဖို့ လိုပါတယ်။

ဒီနေရာမှာ မီးခိုးနဲ့ မီးကူးစက်ပြန့်ပွားမှုဖြစ်စဉ်ကို အနည်းငယ်ပြောလိုပါတယ်။ မီးလောင်မှုဖြစ်တာနဲ့တစ်ပြိုင်နက် မီးခိုးတွေထွက်လာတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီမီးခိုးထဲမှာပါလာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်အစရှိတဲ့ ဓာတ်ငွေ့တွေကို လူတွေရှူမိရင် အသက်ရှူကျပ်ခြင်း(Suffocation)ဖြစ်ပြီး သေစေနိုင်သည်အထိ အန္တရာယ်ရှိနိုင်သလို အဲဒီမီးခိုးတွေဟာ အထက်ကိုတက်ပြီး အမိုးမျက်နှာကြက်တွေနဲ့ထိတွေ့တဲ့အခါ ဘေးကို ပြန့်ကားသွားတယ်။ မီးခိုးပမာဏများလာတာနဲ့အမျှ သိပ်သည်းဆများလာပြီး အပူချိန်ဟာလည်း မြင့်တက်လာပါတယ်။ အပူချိန်မြင့်တက်လာရာကနေ အပူစီးကူးပြီး မီးခိုးတွေကြားမှာ ရုတ်တရက်မီးတောက်မီးလျှံများထွက်ပေါ်လာခြင်း(Flash Over)ဖြစ်စဉ် ပိုမိုဖြစ်ပွားပါတယ်။ ဒါ့ကြောင့် အဆောက်အအုံ ဆောက်ပြီးသွားပြီဆိုရင်တော့ ဌာနက ဖွဲ့စည်းပေးထားတဲ့ စစ်ဆေးရေးအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်တွေနဲ့ပြည့်မီမှ အဆောက်အအုံမှာ လူနေထိုင်ခွင့် ထောက်ခံချက်ကို ထုတ်ပေးပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ အကြံပြု ညွှန်ကြားချက်တွေက နိုင်ငံတကာစံနှုန်းနဲ့အညီ ထည့်သွင်းအကြံပြုထားတာမို့ ဆောက်လုပ်သူများအနေနဲ့ တိတိကျကျ လိုက်နာဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှ

ရဲဗလ ကိုကိုလှိုင် ရှင်းလင်းပြောကြားစဉ်။

လည်း အရေးပေါ်အခြေအနေတစ်ရပ် ကြုံတွေ့ရရင် အဲဒီအဆောက်အအုံထဲမှာရှိနေကြတဲ့ ပြည်သူတွေ အသက်ဘေးအန္တရာယ် ကင်းဝေးပြီး ဆုံးရှုံးမှုလည်းနည်းပါးစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးသတ်ဦးစီးဌာနရဲ့ အကြံပြု ညွှန်ကြားချက်တွေကို တိတိကျကျ လေးလေးစားစား လိုက်နာဆောင်ရွက်ကြပါလို့ ပြောကြားလိုပါတယ်။

ယနေ့မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေး တာဝန်သာဖြစ်သည်ဟု အများက ထင်မြင်ယူဆနေကြပေမယ့် အမှန်တကယ်အားဖြင့် မီးသတ်မှုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများအပြင် လူမှုရေးနှင့် နိုင်ငံတော်ရဲ့ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်း တည်ဆောက်ရေးများတွင်လည်း ပါဝင်ဆောင်ရွက်ရန် အဓိကတာဝန်ရှိပါတယ်။

နောက်ဆုံးပြောကြားလိုတာကတော့ မီးလောင်မှုအန္တရာယ်ပဲဖြစ်ဖြစ်၊ အခြားဘေးအန္တရာယ်ပဲဖြစ်ဖြစ် ကျရောက်လာရင် ပြည်သူတွေ ဝိုင်းအုံကြည့်ရှုနေကြလို့ မီးသတ်တပ်ဖွဲ့ဝင်တွေ တာဝန်ဝတ္တရား ထမ်းဆောင်ရာမှာ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ရတဲ့အပြင် လုပ်ငန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်မှုမရှိတာကို တွေ့ရှိနေရပါတယ်။ ဒီလို ပြည်သူတွေဝိုင်းအုံကြည့်ရှုနေတာကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတာဝန်ယူထားသူများနှင့် အဖွဲ့အစည်းအသီးသီးကလည်း ဝိုင်းအုံကြည့်ရှုနေသူတွေကို ဖယ်ရှားရှင်းလင်းပေးမယ်ဆိုရင် မီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များကို အချိန်တိုအတွင်းမှာ ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်လို့ ပြောကြားသွားပါတယ်။ အဲဒီနောက် ညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့်နှင့် တွေ့ဆုံရာ ၎င်းက "မီးသတ်ဦးစီးဌာနအနေနဲ့တစ်နိုင်ငံလုံးမှာ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၄၇၇၈ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၄၉၃၂၄ဦး၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၉၇၇၂ဦး၊ သန္နေမီးသတ်စခန်း ၂၉၇ခု၊ အရန်မီးသတ်စခန်း ၃၂၈ခု မီးသတ်စခန်း စုစုပေါင်း ၆၂၅ခုနဲ့ မီးသတ်ယာဉ်၊ စက်စုစုပေါင်း ၁၉၁၄ စီးတို့နဲ့ မီးသတ်မှုရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး၊ လူမှုရေး၊ နိုင်ငံတော်

ရဲကျော်စွာ အောင်ကျော်မြင့် ရှင်းလင်းပြောကြားစဉ်။

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေး အဓိကတာဝန်ကြီး (၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများက တီအီးမီးသတ်ယာဉ် ၂၁၉စီး တည်ဆောက်ခဲ့ပြီး ပြည်တွင်း ပြည်ပ အလှူရှင်အသီးသီးက မီးသတ်ယာဉ် ၂၀၂စီး လှူဒါန်းခဲ့ကြပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝတဲ့ တပ်ဖွဲ့ဝင်များဖြစ်လာစေဖို့နဲ့ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်တဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေဖြစ်လာစေဖို့ ပြင်ဦးလွင်မြို့မှာ ဗဟိုမီးသတ်သင်တန်းကျောင်းနဲ့ ရန်ကုန်မြို့မှာ လေ့ကျင့်ရေးဌာနစုတို့ကိုဖွင့်လှစ်ပြီး ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအမျိုးအစား ၃၀ကို သင်ကြားပို့ချလျက်ရှိပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် ၁၅၅ဦးကိုလည်း ပြည်ပနိုင်ငံအသီးသီးကို ပညာတော်သင်စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနမှာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူး၊ ဂုဏ်ထူးရရှိတဲ့ တပ်ဖွဲ့ဝင် ၂၂၉ဦး ရှိပါတယ်။

နိုင်ငံတော်တစ်ဝန်းလုံးရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်း တည်ဆောက်ရေးအစီအစဉ်အရ အသက်အရွယ်အပိုင်းအခြားအလိုက် လေ့ကျင့်သင်ကြားပေးရေးအတွက် ပြည်နယ်/တိုင်းများတွင် ၂၀၀၉ခုနှစ် ဩဂုတ်လမှစတင်ပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာလအထိ သင်တန်း ၁၃၂၆ ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသားပေါင်း ၁၂၈၀၄၄ဦးအား လေ့ကျင့်ပေးလျက်ရှိပါတယ်။ အရန်မီးသတ်တပ်ဝင်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို စုဖွဲ့ခြင်း၊ အတည်ပြုခြင်း၊ လေ့ကျင့် သင်တန်းပေးခြင်းများကို မီးသတ်ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အုပ်ချုပ်မှုဆိုင်ရာကိစ္စများကိုတော့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့များက ဆောင်ရွက်ပေးပြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကိုတော့ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများက ဆောင်ရွက်ပေးပါတယ်။ ဈေးများနှင့် လူစည်ကားရာ အဆောက်အအုံများမှာလည်း သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်းလေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

မီးသတ်တပ်ဖွဲ့မှာရှိတဲ့ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့တွေအပြင် အဖွဲ့အစည်းများကိုလည်း အရေးပေါ်အခြေအနေတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အခြေခံမီးသတ်ပညာသင်တန်းနဲ့ အသက်ကယ်သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ သင်ခန်းစာများ သင်ကြားတဲ့အခါ ဘေးအန္တရာယ်လုံခြုံမှုစီမံခန့်ခွဲခြင်းကို အဓိကထားသင်ကြားပြီး အသက်ကယ်လုပ်ငန်းဆိုင်ရာ သင်ကြားမှု၊ အတွေ့အကြုံဗဟုသုတနှင့် အယူအဆသဘောထားတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် သင်ကြားပေးပါတယ်။

မီးသတ်တပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေအပေါ် ကျရောက်လာမယ့် မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်တွေအပြင် အခြားသော အသက်ကယ်ဘေးအန္တရာယ် လက်တလော ကြုံတွေ့နေမှု အမျိုးမျိုးကိုလည်း ကယ်တင်စောင့်ရှောက်ပေးဖို့ ၂၄ နာရီ အသင့်ရှိနေပါတယ်။ အရေးပေါ်အခြေအနေမှာ မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံး အကြောင်းကြားပေးပါ။ အချိန်မရွေး ဆောင်ရွက်ပေးပါတယ်၊ ၁၉၉၁ ခုနှစ်မှ ယနေ့အချိန်အထိ လူ့အသက်ပေါင်း ၂၂၅ ဦးကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ကယ်တင်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်တုန်းကလည်း မီးသတ်တပ်ဖွဲ့ဝင်များဟာ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် နာဂစ်မုန်တိုင်းသင့်ခံရသော ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူ ၄၄၈၃၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာမှ ဆေးအကာကွယ်ပေးအဖွဲ့များနှင့် ပူးပေါင်းကွင်းဆင်း ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အသက်ကယ်ဆယ်ရေးအဖွဲ့များကို ပြည်နယ်၊ တိုင်းအလိုက် စုဖွဲ့လေ့ကျင့်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မီးသတ်တပ်ဖွဲ့ကို အရေးပေါ် ဆက်သွယ်အကြောင်းကြားရမယ့် ဖုန်းနံပါတ်တွေကတော့-

အရေးပေါ်
၁၉၁
မီးသတ်ဦးစီးဌာန(ရုံးချုပ်)
၀၁-၆၆၆၉၁၂/၆၆၆၉၁၃
နေပြည်တော်မီးသတ်
၀၆၇-၄၂၀၀၀၅
ရန်ကုန်တိုင်းမီးသတ်ကွပ်ကဲ
၀၁-၂၅၂၀၁၁/၂၅၂၀၂၂
မန္တလေးတိုင်းမီးသတ်ကွပ်ကဲ
၁၉၁ တို့ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနသည် **"နိုင်ငံတော်အား မီးဘေးအန္တရာယ်မှ ကင်းဝေးစေအံ့"** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသကဲ့သို့ ပြည်သူအားလုံးကလည်း မိမိနေအိမ်၊ မိမိလုပ်ငန်းမှ စတင်မီးမလောင်စေရေးအတွက် အစဉ်နိုးကြားသော အသိနှင့် သတိထားကာကွယ်ကြပါစို့လို့ မီးသတ်ဦးစီးဌာနရဲ့ သိသင့်သိထိုက်သည်များကို ရှင်းပြခဲ့ပါတယ်။

မြန်မာ့မီးသတ်သမိုင်းကို လေ့လာရင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားချိန်မှာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဗဟိုမီးသတ်အဆောက်အအုံရှိ မြူနီစီပယ်မီးသတ်မှာ မီးသတ်လုပ်ငန်းဝါသနာပါတဲ့ လူငယ်တွေကို ခေါ်ယူသင်တန်းပေးပြီး အပျော်တမ်းမီးသတ်အဖွဲ့များ (Auxiliary Fire Services) ဖွဲ့စည်းကာ မီးဘေးကာကွယ်ရေး ဆောင်ရွက်ခဲ့ရာ ထိုစဉ်က မြူနီစီပယ်မီးသတ်၊ ဒေသန္တရမီးသတ်၊ ကုမ္ပဏီများ

တဲအိမ်တစ်လုံးမီးလောင်မှုကို မီးငြိမ်းသတ် စွမ်းရည်ပြနေစဉ်။

အဖွဲ့မီးသတ်၊ အပျော်တမ်းမီးသတ်ဆိုပြီး လေးမျိုးရှိခဲ့ပါတယ်။

၁၈၈၅ခုနှစ်တွင် အင်္ဂလိပ်များက ယင်းတို့၏ အကျိုးစီးပွားကိုကာကွယ်မယ့် မီးသတ်အဖွဲ့များဖွဲ့စည်းပြီး မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတို့ရဲ့ အသက်အိုးအိမ် ပစ္စည်းဥစ္စာ အဆောက်အအုံများကို မီးဘေးကာကွယ်ပေးရန် ရည်ရွယ်ကာ ဖွဲ့စည်းခဲ့တာမဟုတ်ဘဲ ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်ရန် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့ကြောင်းကို မှတ်တမ်းများအရ သိရှိခဲ့ရပါတယ်။ ဒါကြောင့် အမျိုးသားရေးစိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်များရဲ့ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးများဟာ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ပါဝင်လာခဲ့ပါတယ်။ ၁၉၄၆ခုနှစ် မေ ၅ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ မီးသတ်တပ်ဖွဲ့များအား အစည်းအဝေးခေါ်ယူကျင်းပခဲ့ပြီး ထိုနေ့ကို မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၁၉၄၇ခုနှစ် ဇွန်လဆန်းတွင်လည်း ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကို ရန်ကုန်မြို့ မြို့တော်ခန်းမမှာ ကျင်းပခဲ့ပါတယ်။

၁၉၆၂ခုနှစ်တွင် မြန်မာနိုင်ငံအနှံ့မှာ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး သန္နေမီးသတ်တပ်ဖွဲ့(အစိုးရဝန်ထမ်း)၊ သီးသန့်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်တွင် မီးသတ်တပ်ဖွဲ့ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မီးသတ်တပ်ဖွဲ့ကိုလည်း အခြားသောလက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ရည်မှန်းချက်ဖြင့် မီးသတ်ဌာနကို "တပ်ဖွဲ့" အသွင် ဖွဲ့စည်းဆောင်ရွက်စေ ခဲ့ပါတယ်။

တပ်မတော်နှင့်အတူ နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်ကျေပွန်စွာ ထမ်းဆောင်မယ့် ညီနောင်တပ်ဖွဲ့များဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် (၅၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားမှ စတင်ကာ တပ်မတော်နှင့်အတူ ပါဝင်ဆင်နွှဲ ချီတက်စစ်ရေးပြခဲ့ပါတယ်။ ညီနောင်တပ်ဖွဲ့အကြောင်းကို (၅၃)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာ ပြည်သူလူထုအကျိုးအတွက် စေတနာအရင်းခံထားပြီး တာဝန်ထမ်းဆောင်ကြသူတွေဖြစ်တယ်။ ဒီလိုမွန်မြတ်တဲ့ စိတ်ထားအပေါ် အခြေခံပြီး ဖွဲ့စည်းထားတဲ့ တပ်ဖွဲ့တွေအနေနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး နိုင်ငံတော်ကာကွယ်ရေးရဲ့ အရန်အင်အားအဖြစ် ရပ်တည်လာကြတာဟာ နိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပဲဖြစ်တယ်။ တကယ်တော့ နိုင်ငံရဲ့အကျိုးစီးပွားအတွက် တကယ်ဆောင်ကြဉ်းပေးနိုင်တဲ့လူတွေဟာ နိုင်ငံသားတွေပဲဆိုတာ ရဲဘော်တို့ မှတ်သားထားဖို့လိုတယ်" လို့ မိန့်ကြားခဲ့ပါတယ်။

မီးသတ်လုပ်ငန်းများကို နိုင်ငံတော်တစ်ဝန်းလုံးတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များကို နေပြည်တော်အပါအဝင် ပြည်နယ်၊ တိုင်းများ၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၆၄၂၅ဖွဲ့အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၂၀၁၀ခုနှစ် မတ်လအထိ အရန်မီးသတ်တပ်စုပေါင်း ၆၅၃၆စု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၂၄၉၃၂၄ ဦးတို့ဖြင့် ဖွဲ့စည်း တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်၏ အရန်အင်အားအဖြစ် အရန်မီးသတ်တပ်ဖွဲ့ဝင်အားလုံးသည် တပ်မတော်နှင့်အတူ ချီတက်ခရီးဆက်ကြရမည်ဖြစ်ရာ ပြည်သူများကလည်း သောင်းသောင်းဖြဖြ ကြိုဆိုကြမည်ဟု ယုံကြည်စွာဖြင့် ၂၀၁၀ ခုနှစ် မေလ ၅ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဝုဖ်ဘတ်ဂ်မှ ထွက်ခွာရန် စဉ်းစားနေဟု ဒီဇီကို ပြောကြား

ယခုရာသီအကုန်တွင် ဘွန်ဒက်စ်လီဂါအသင်း ဝုဖ်ဘတ်ဂ်မှ ထွက်ခွာရန် စဉ်းစားနေကြောင်း လွန်ခဲ့သော နှစ်နှစ်အတွင်း ဘွန်ဒက်စ်လီဂါ၏ ထိပ်တန်းဂိုးသွင်းရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သူ အီဒင်ဒီဇီကိုက ပြောကြားသည်။

ရစ်ချတ်အား ကမ်းလှမ်းခေါ်ယူရန် စပါး စီစဉ်နေ

စပါးအသင်းသည် မန်စီးတီးမှ ပေါင် ကိုးသန်းတန်ခံစစ်မှူး မီကာက်ချ်ရစ်ချတ်အား ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်နေသည်။

ကလစ်ချီအား အစွဲထုတ်ရေး အာဆင်နယ် ဆွေးနွေးနေ

အာဆင်နယ်အသင်းသည် ဘယ်နောက်ခံလူ ကလစ်ချီအား အစွဲထုတ်နိုင်ရန်အတွက် ၄င်းအား စာချုပ်ခေါ်ယူလိုကြသော ရီရဲ၊ ဘာစီလိုနာတို့နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ဗီလာအားခေါ်ယူရေး နှုတ်ဖြင့်သဘောတူညီမှု ဘာကာရရှိ

ဘာစီလိုနာအသင်းသည် ဗလင်စီယာအသင်းမှ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀အပြင် ကစားသမားအလိုက်ပေး စာချုပ်ခေါ်ယူရေးကို နှုတ်အားဖြင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရှွန်နီနှင့်ဗီလာတို့အား စာချုပ်ရန် ရီရဲစီစဉ်

ရီရဲမက်ဒရစ်အသင်းသည် ၄င်းတို့၏ ထိပ်တန်းပစ်မှတ် ကစားသမားနှစ်ဦးဖြစ်သည့် မန်ယူတိုက်စစ်မှူး ဝိန်းရွှန်နီနှင့် ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာတို့အား စာချုပ်ခေါ်ယူရန် စီစဉ်ကြိုးပမ်းလျက်ရှိသည်။

ကူရန်ညီအား ခေါ်ယူရန် မန်စီးတီး ကြိုးပမ်း

မန်စီးတီးအသင်းသည် ချော်လ်ကေး တိုက်စစ်မှူး ကီဗင်ကူရန်ညီအား စာချုပ်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြသည့် အသင်းလေးသင်းတွင် တစ်သင်း အပါအဝင်ဖြစ်သည်ဟု ဆိုသည်။

ဂျူနီးစ်အား စာချုပ်ရန် အသင်းကြီးငါးသင်း အပြိုင်ကြိုးပမ်း

ဘလက်ဘန်း ခံစစ်မှူး ဂျူနီးစ်အား စာချုပ်ခေါ်ယူရန် မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီး၊ စပါးနှင့် အာဆင်နယ်တို့ အပြိုင်ကြိုးပမ်းနေကြသည်။

ဘင်နီတက်ဇ် အနာဂတ် အန်ဖီးလ်၌ မရေရာ

လီဗာပူးအသင်းသည် ဧပြီ ၂၉ရက်က ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲတွင် အက်သလက်တီကိုမက်ဒရစ်အားရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် လီဗာပူးတွင် ရာဖေးလ်ဘင်နီတက်ဇ်၏ အနာဂတ်မှာ မရေမရာဖြစ်နေသည်။

လီယိုနာဒို အသင်းမှထွက်ခွာမည်ဟု ဘာလူစကိုနီ ပြောကြား

ယခုစီးရီးအေအကုန်တွင် အေစီမီလန်နည်းပြ လီယိုနာဒို အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း အေစီမီလန်အသင်းပိုင်ရှင် ဆီလ်ဗီယိုဘာလူစကိုနီက ပြောကြားခဲ့သည်။

မက်ကလစ်ချ်အား စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ဘာမင်ဂမ်စီစဉ်

ဘာမင်ဂမ်အသင်းသည် နည်းပြအဲလက်စ်မက်ကလစ်ချ်အား စာချုပ်သစ် သုံးနှစ်ထပ်မံချုပ်ဆိုရေး ကမ်းလှမ်းရန်စီစဉ်နေသည်။

ပရီမီယာလိဂ်တွင် ကစားရေး မက်ဆီ စဉ်းစားမည်မဟုတ်

ကမ္ဘာ့အကောင်းဆုံးနှင့် ဥရောပအကောင်းဆုံးဘောလုံးသမားဆုရရှိထားသူ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားကြယ်ပွင့် လီယိုနယ်လ်မက်ဆီက ပရီမီယာလိဂ်တွင် ကစားရေးကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ပြောကြားသည်။

ဂရင်းပရစ်က်၌ အောင်မြင်မှုရရန် တိုင်ဆန်ဂေး ပစ်မှတ်ထားနေ

မီတာ ၁၀၀နှင့် မီတာ ၂၀၀ပြေးခုန်ပစ်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆွတ်ခူးထားသူ အသက်၂၇နှစ်အရွယ်ရှိ ဗြိတိသျှတာတိုအပြေးသမား တိုင်ဆန်ဂေးသည် လာမည့် ဇူလိုင်လတွင် ဗြိတိန်၌ ကျင်းပမည့် အဗီဗာဂရင်းပရစ်က်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပစ်မှတ်ထားနေသည်။ ။

မိမိကိုယ်ကို တန်ဖိုးရှိအောင် ကြိုးစားနေပါတယ်။

အင်တာနည်းပြမော်ရင်ဟို

ရေးသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရောမ မေ ၂

ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ အင်တာမီလန်အသင်း တက်ရောက်နိုင်ခဲ့ပြီးဖြစ်သည်။ အင်တာမီလန်အသင်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ရန်အတွက် နည်းပြမော်ရင်ဟို စွမ်းဆောင်ပေးနိုင်ခဲ့ရာ ဥရောပဘောလုံးကအသင်းများ၌ မော်ရင်ဟို နာမည်ကျော်ကြားလျက်ရှိနေသည်။

စွမ်းဆောင်

အီတလီစီးရီးအေကလပ် အင်တာမီလန်သို့ မော်ရင်ဟို ရောက်ရှိခဲ့ပြီးနောက် ရောက်သည့်နှစ်၌ပင် စီးရီးအေဖလားကို ရယူပေးနိုင်ခဲ့သည်။ ယခုနှစ်ဘောလုံးရာသီ၌လည်း စီးရီးအေတန်းစီဇယား၌ အင်တာမီလန်ကို ထိပ်ဆုံးနေရာ ရောက်အောင် စွမ်းဆောင်ပေးထားနိုင်ပြန်သည်။ ဆက်လက်ပြီး စီးရီးအေဖလားကို ရယူရန်ချိန်ရွယ်နေပြီဖြစ်သလို ချန်ပီယံလိဂ်ဖလားဆွတ်ခူးရန်လည်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။

စိတ်ဝင်စား

ခပ်ထေ့ထေ့စကားမျိုး ပြောဆိုတတ်သော်လည်း ၄င်းကိုင်တွယ်သည့် အသင်းအား အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်သည့်နေရာတွင် မော်ရင်ဟိုက စွမ်းရည်မြင့်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကျော်ဘောလုံးသမားများနှင့် နာမည်ကြီးနည်းပြများကို ခေါ်ယူလေ့ရှိသည့် ငွေကြေးချမ်းသာသော ဘောလုံးအသင်းများက မော်ရင်ဟိုအား မျက်စိကျပြီး စိတ်ဝင်စားနေကြပြီဖြစ်သည်။

ထူးချွန်ထက်မြက်သည့် နည်းပြကောင်းတစ်ဦးလိုအပ်သည်ဟု ရီရဲမက်ဒရစ်ဥက္ကဋ္ဌ လိုပက်ဇ် ယုံကြည်ထားသည်။ ပြိုင်ဘက်၏အခြေအနေကို လိုက်ပြီး နည်းဗျူဟာပြောင်းလဲကျင့်သုံးတတ်သည့် နည်းပြမော်ရင်ဟိုလို နည်းပြကို မစ္စတာလိုပက်ဇ် သဘောကျနေပြီဖြစ်သည်။

ကမ်းလှမ်း

ခြေစွမ်းထက်မြက်သည့် ဘောလုံးသမားများနှင့် စွမ်းဆောင်ရည်မြင့်မားသော နည်းပြများကို ငွေကြေးပုံအောပေးကာ ခေါ်ယူလေ့ရှိသည့် ရီရဲမက်ဒရစ်အသင်းက မော်ရင်ဟိုအား တစ်နှစ်လုပ်ခလစာ အနည်းဆုံး ပေါင် ၁၁သန်းပေးမည်ဟု ကမ်းလှမ်းလိုက်ပြီဖြစ်သည်။ ယင်းငွေကြေးပမာဏမှာ တစ်နှစ်လုပ်ခလစာဖြစ်ပြီး အခြားဆုကြေးငွေများနှင့် အရပ်ရပ်ဝင်ငွေများလည်း ထပ်ဆောင်းပေးမည်ဟုဆိုထားသည်။

ယုံကြည်

ကမ္ဘာကျော် ဘောလုံးသမားကောင်းများရှိနေပြီး အောင်မြင်မှုမရနိုင်သည့် ရီရဲမက်ဒရစ်အသင်းအတွက် ထူးချွန်ထက်မြက်သည့် နည်းပြကောင်းတစ်ဦးလိုအပ်သည်ဟု ရီရဲမက်ဒရစ်ဥက္ကဋ္ဌ လိုပက်ဇ် ယုံကြည်ထားသည်။

မော်ရင်ဟို

အသက် ၄၇နှစ်ရှိပြီဖြစ်သည့် ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုသည် ၂၀၀၄ခုနှစ်၌ ပေါ်တိုအတွက် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သလို ပြည်တွင်းလိဂ်ဖလားနှစ်လုံးကိုလည်း ရယူပေးနိုင်ခဲ့သည်။ တစ်ဖန် ယူအီးအက်ဖ်အေဖလားကိုလည်း ပေါ်တိုအတွက် ဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့အပြင် ချယ်လ်ဆီးအတွက် နှစ်ပေါင်း ၅၀ကျော် အလွမ်းဝေးနေခဲ့သော ပရီမီယာလိဂ်ဖလားကိုလည်း နှစ်ကြိမ်ရယူပေးနိုင်ခဲ့သည်။ လက်ရှိ အင်တာမီလန်အသင်းအတွက် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက စီးရီးအေဖလား ရယူပေးနိုင်ခဲ့သလို ယခုနှစ်၌လည်း စီးရီးအေဖလားကို ကာကွယ်ရန် အသင့်ဖြစ်နေပြီး ချန်ပီယံလိဂ်ဖလား သိမ်းပိုက်ရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်သည်။

ဆွေးနွေးမည်

ချန်ပီယံလိဂ် ဗိုလ်လုပွဲအဖြစ် အင်တာမီလန်နှင့် ဘိုင်ယန်မြူးနစ်တို့ စပိန်နိုင်ငံ ရီရဲမက်ဒရစ်အသင်း ဘောလုံးကွင်း ဘာနေဗျူးတွင် မေ ၂၂ရက်၌ လာရောက်ယှဉ်ပြိုင်သည့်အခါ ရီရဲမက်ဒရစ်ဥက္ကဋ္ဌ လိုပက်ဇ်က မော်ရင်ဟိုနှင့် တွေ့ဆုံဆွေးနွေးတော့မည်ဖြစ်သည်။

ပြောကြား

ရီရဲမက်ဒရစ်က လုပ်ခလစာ အမြောက်အမြားပေး၍ ကမ်းလှမ်းမှုအပေါ် "ကျွန်တော်ဟာ မိမိကိုယ်မိမိ တန်ဖိုးရှိအောင်နေတဲ့ လူစားမျိုးဖြစ်ပါတယ်"ဟု မော်ရင်ဟိုက ပြောကြားနေသည်။ မော်ရင်ဟိုသည် နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်လာနိုင်မှုကိုလည်း "အင်တာမီလန်ကို ကမ္ဘာ့ထိပ်တန်းဘောလုံးအသင်းဖြစ်အောင် ကျွန်တော် ကြိုးစားပြနေတာပါ၊ ဒါကိုလည်း ပရိသတ်တွေ အသိအမှတ်ပြုကြရပါလိမ့်မယ်"ဟု ပြောကြားနေပြန်သည်။

စောင့်ကြည့်နေ

မန်ယူကလည်း ဖာဂူဆန်ပြီးလျှင် အရည်အချင်းပြည့်ဝသည့် နည်းပြတစ်ဦးကို ယခုကပင် အမြန်ရှာဖွေလျက်ရှိရာ မော်ရင်ဟိုကို စောင့်ကြည့်လျက်ရှိသည်။ မော်ရင်ဟိုကလည်း အင်္ဂလန်ဘောလုံးလောကကို ပြန်ခြေချလျှင် ချယ်လ်ဆီးအသင်း၏ ပြိုင်ဘက်ကောင်းအသင်း၌ပင် တာဝန်ယူလိုသည်ဟု ဖွင့်ဟထားသည်။

မော်ရင်ဟိုကား ဘောလုံးနည်းပြလောက၌ ရေပန်းအစားဆုံးဖြစ်ရာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် မော်ရင်ဟို၏ ကိုင်တွယ်မှုကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဝယ်လ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲ မေဝဲသား အမှတ်ဖြင့်နိုင်

လက်စ်ဗီးဂတ်စ် မေ ၂

အမေရိကန်လက်ဝှေ့သမား ဖလွိုက် မေဝဲသားက တစ်နိုင်ငံတည်းသား ရှိန်းမော့စ်လေအား အမှတ်ဖြင့်နိုင်ပြီး ဝယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိခဲ့သည်။ အသက် ၃၃ နှစ်ရှိ မေဝဲသားသည် ရှိန်းမော့စ်လေအား ၁၂ ချီအပြည့် ထိုးသတ်ခဲ့ပြီး ချန်ပီယံဆု ရယူခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်

ဒိုင်လူကြီးများက မေဝဲသားအား ၁၁၉-၁၀၉ မှတ်၊ ၁၁၉-၁၀၉ မှတ်၊ ၁၁၈-၁၁၀မှတ်ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ မေဝဲသားသည် ၄င်းပွဲအနိုင်ရဗိုလ်စွဲခဲ့၍ လက်ဝှေ့သမားသက်တမ်းတစ်လျှောက် လေးပွဲမြောက်နိုင်ပွဲအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ မေဝဲသားသည် ဖိလစ်ပိုင်မှ ပက်ကွိုင်အောနှင့် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ရောမ မာစတာဖလား တင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ်လ် ဗိုလ်လုမည်

ရောမ မေ ၂

ရာဖေးလ်နာဒယ်လ်သည် ရောမ မာစတာဖလားတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းတို့နှစ်ဦးသည် မေ ၁ ရက်က အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်များကို အသီးသီးအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နံပါတ်(၃)အဆင့်ရှိ ရာဖေးလ်နာဒယ်လ်သည် လတ်ဗီးယားမှ ဂူဗစ်အားနိုင်ပြီး ဗိုလ်လုပွဲသို့ရောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ဒရော့ဘာ၏ ဝမ်းပိုက်ဒဏ်ရာ ကမ္ဘာ့ဖလားပြီးမှ ခွဲစိတ်မည်



လန်ဒန် မေ ၂

အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာသည် လာမည့် ကမ္ဘာ့ဖလားပါဝင်ကစားနိုင်ရန် ဝမ်းဗိုက်ခွဲစိတ်ကုသမှုကို ရွှေ့ဆိုင်းလိုက်သည်။

ခွဲစိတ်ကုသ

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် လွန်ခဲ့သောလများက ဝမ်းဗိုက်ထိခိုက်ဒဏ်ရာရရှိထားသော်လည်း ခွဲစိတ်ခြင်းမပြုဘဲ ဆက်လက်ကစားခဲ့သည်။ ယင်းဒဏ်ရာကို လာမည့်သီတင်းပတ်တွင် ခွဲစိတ်ရန် စီစဉ်ထားသော်လည်း ကမ္ဘာ့ဖလားပြီးမှ ခွဲစိတ်ကုသမည်ဖြစ်ကြောင်း ဒရော့ဘာကပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၁ရက်တွင် စတင်ကစားမည်ဖြစ်ရာ အိုင်ဗရီကို့စ်အသင်း အနေဖြင့် ဘရာဇီး၊ ပေါ်တူဂီ၊ မြောက်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ဘွန်ဒက်စ်လီဂါဖလား ဘိုင်ယန်(၂၂)ကြိမ်မြောက်ဆွတ်ခူး

မြူးနစ် မေ ၂

ဘွန်ဒက်စ်လီဂါပွဲစဉ် ၃၃ပြိုင်ပွဲများကို မေ ၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားအပြီး ချန်ပီယံ ဘိုင်ယန်မြူးနစ်သည် အိမ်ကွင်း၌ ဘိုချန်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်၍ ဖလားဆွတ်ခူးရန် သေချာသွားပြီဖြစ်သည်။

ဘိုင်ယန်တို့ ယင်းပြိုင်ပွဲအပြီး အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ရှော်လ်ကေးထက် သုံးမှတ်အသာဖြင့် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။ ဘိုင်ယန်တို့ နောက်ဆုံးပွဲစဉ်အဖြစ် မေ ၈ရက်တွင် ဟာသာဘာလင်နှင့်ကစားရမည်ဖြစ်သည်။ ဘိုင်ယန်တို့ ယင်းပြိုင်ပွဲအပြီး (၂၂)ကြိမ်မြောက် ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးရန် စီစဉ်ထားသည်။ (အင်တာနက်)

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မေ ၂

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင် ဆက်လက်ယှဉ်ပြိုင်ရာ ဒယ်လ်တာယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မကွေး F.C အသင်းက နေပြည်တော် F.C အသင်းကိုသုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေနှင့် မနောမြေ

(မြန်မာ့အလင်း)

ရန်ကုန်ယူနိုက်တက်အသင်းမှ မျိုးမင်းထွန်း၏ ထိုးဖောက်ဂိုးသွင်းမှုကို ဒယ်လ်တာယူနိုက်တက်ဂိုးသမား သီဟစည်သူ ကာကွယ်စဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
၇:၂၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ ချစ်တတ်ကြရအောင်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၅ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၄။ အတီးပြိုင်ပွဲ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၂၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၄၀ ၉။ **ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေဆီသို့**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၇)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၁)
၁၈။ သုခုမရင်ပြင်
၁၉။ အစီအစဉ်ပြီး၏။

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၂

မေ ၅ရက်တွင် ကျရောက်သော (၆၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာ စိုက်ထူပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ ၂၉ရက် နံနက် ၈နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရေးဦးစွာ (၆၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ စာတန်းပါ ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းနှင့် အဖွဲ့ဝင် (၁) ဒုတိယရဲမှူး အုန်းလှိုင်တို့က ပန်းသပြေနှင့် အမွှေးနံ့သာများ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

သန့်ရှင်းရေးဆောင်ရွက်

ဆက်လက်၍ နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မ (၅) ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀ကျော်တို့က မိုးကောင်းဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (ဝ၉၁)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၁၀ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မိုးကုတ်မြို့တွင် ၀ ဒသမ ၀၈ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၃ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Pride International School Myanmar (PIEC) တို့က ပူးပေါင်းကျင်းပမည့် သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မေ ၁၃ရက်မှ ၂၀ရက်အထိ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ အောင်ချမ်းသာ ၄ လမ်းရှိ Primary Centre (PIEC)၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မေ ၁၁ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲတွင် အသက်(၂၀) အောက် လူငယ်ပြိုင်ပွဲ၊ အသက်(၁၈) နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက်(၁၆) နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက်(၁၄) နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက်(၁၂) နှစ်အောက် လူငယ်ပြိုင်ပွဲနှင့်အသက်(၁၀) နှစ်အောက် လူငယ်ပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

(စစ်တုရင်အဖွဲ့ချုပ်)

Administering the Standardized Network သင်တန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း (MCPA) နှင့် Assembler, Compu-Tech, M.S.T,BizNet Computer Centre တို့ ပူးပေါင်းစီစဉ်မှုဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စေရန်နှင့် MCPA Exam တွင် ဖြေဆိုအောင်မြင်သူ တိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် Administering the Standardized Network သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ အဆောင် (၁) သင်တန်းခန်း၌ မေ ၁၃ရက်မှ ၁၆ရက်အထိ နံနက် ၈နာရီခွဲမှ ညနေ ၅နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ ငွေကျပ် ၇၅၀၀၀ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များအား ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

အထောက်အကူ

အဆိုပါ သင်တန်းတွင် ကွန်ပျူတာအခြေခံအဆင့် လေ့လာထားပြီး Computer Network ချိတ်ဆက်ထိန်းသိမ်းမှုကို စိတ်ဝင်စားစွာလေ့လာလိုသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများတွင် Computer Network ဖြင့် နေ့စဉ် ထိတွေ့လုပ်ကိုင်နေရပြီး သင်တန်းအတွက် အချိန်များစွာ မပေးနိုင်သူများ၊ ကွန်ပျူတာသင်တန်းများ၊ တက္ကသိုလ်များမှ ကျောင်းဆင်းပြီး Computer Nerwork ဘာသာရပ်ကို အထူးပြုလေ့လာနေသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ စစ်ဆေးလျက်ရှိသော Network စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရန် လေ့လာနေသူများအတွက် Network အခြေခံသဘောတရားများ၊ Standard များမှ အစပြုပြီး အဆင့်မြင့်မျက်မှောက်နည်းပညာရပ်များ IPV6, Cat6Cabling,Hotspot,Info security, WAN Technologies, Server Managementsများ စာတွေ့၊ လက်တွေ့ ပါဝင်ပြီး MCPA စာမေးပွဲများနှင့် Network အထူးပြု Certification များ ဖြေဆိုရာတွင် အထောက်အကူ ရရှိပါမည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင် (၄) အခန်း (၄) ဖုန်း- ၆၅၂၂၇၆ သို့ မေးမြန်းနိုင်ပြီး မေ ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂

ရမည်းသင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရမည်းသင်း)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာတို့နှင့် ပူးပေါင်း၍ ဧပြီ ၂၃ ရက်က ရန်ကုန်-မန္တလေးလမ်းမကြီး (ရမည်းသင်းမြို့အဝင် ယုဇနဂိတ်အနီး)နှင့် မြို့လယ်နာရီစင်အနီး၌ သွားလာမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ အချက်ပြမီးများ ကောင်းမွန်ခြင်းရှိမရှိ၊ ရောင်ပြန်ပြားတပ်ဆင်ထားခြင်း ရှိမရှိ၊ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းခြင်း ရှိမရှိ၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း ရှိမရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ချယ်လ်ဆီးတို့နိုင်ပွဲရပြီး ဖလားယူရန်ဟန်ပြင် မန်ယူတို့ သုံးမှတ်ရသော်လည်း ရင်ခုန်နေရဆဲ

အာကာဟိန်း ➤ ရေးသားသည်

လန်ဒန် မေ ၂

ယခုနှစ်ဘောလုံးရာသီ၏ ပရီမီယာလိဂ် ဖလားဆွတ်ခူးနိုင်ရေး အဓိက ပွဲစဉ်တစ်ပွဲဖြစ်သည့် ပွဲစဉ်(၃၇)ကို လီဗာပူးနှင့် ချယ်လ်ဆီးတို့ မေ၂ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးတို့က နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ်ဖလားရယူရန် ဟန်ပြင်နိုင်ပြီဖြစ်သည်။

လီဗာပူးနှင့် ချယ်လ်ဆီး

စတုတ္ထနေရာရရှိရေးမျှော်လင့်ချက်ဖြင့် ချယ်လ်ဆီးကို အိမ်ကွင်း၌အနိုင်ယူရန် နည်းပြဘင်နီတက်ဇ်ကြိုးစားသည့်အနေဖြင့် ဒရက်ကွတ်ကို တိုက်စစ်အထောင်ထားပြီး အကွီလာနီ၊ ဘီနာယောင်နှင့် ရိုဒရီဂွက်ဇ်တို့အားဖြင့် ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားခဲ့သည်။

ချယ်လ်ဆီးကလည်း နိုင်ပွဲအရယူမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ကာလူးကို တိုက်စစ်မြားဦးထားကာ ဒရော့ဘာ၊ အနယ်လ်ကာ၊ လမ်းပတ်၊ မာလူဒါ၊ ဘောလက်စသည့် အမာခံကစားသမားများကို အကုန်ထုတ်သုံးခဲ့သည်။

လီဗာပူးဘက်သို့ ဒရော့ဘာ (လယ်) က အဖွင့်ဂိုးသွင်းယူပြီး ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဖွင့်ဂိုးသွင်း

ပွဲစသည်နှင့်ချယ်လ်ဆီးတို့ ဂိုးရရှိရေးကြိုးစားခဲ့ရာ ၃၃ မိနစ်၌ ဂျရတ်၏အမှားမှတစ်ဆင့် ဒရော့ဘာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ လီဗာပူးတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း အပိုင်ကန်သွင်းခွင့်မရရှိဘဲဖြစ်ခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် ချေပဂိုးသွင်းယူနိုင်ရေး မျှော်လင့်ချက်ဖြင့် ရိုဒရီဂွတ်အစား ဘာဘယ်လ်ကို ဝင်ရောက်ကစားစေခဲ့သော်လည်း ကစားကွက်မပြောင်းလဲနိုင်ဘဲဖြစ်နေရာ ၅၄ မိနစ်၌ ဒရော့ဘာဖြတ်ပေးလိုက်သည့် ဘောလုံးကို လမ်းပတ်က ဂိုးဧရိယာအတွင်းမှ မနားတမ်းပိတ်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့သည်။ ယခုပွဲ၌ ချယ်လ်ဆီးတိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းမှု ရှစ်ကြိမ်ကို လီဗာပူးဂိုးသမားရေးနားက ကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုးပြတ်ဖြင့်သာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းနှင့် မန်ယူ

ပရီမီယာလိဂ်ဖလားကို လေးကြိမ်မြောက်ကာကွယ်ရန် မန်ယူတို့ လူစုံထုတ်ကစားခဲ့ရသည်။ လက်ကျန်ပွဲတိုင်းနိုင်မှသာ မျှော်လင့်ချက် မလွင့်ပြယ်မည်ဖြစ်ရာ လက်ကျန်နှစ်ပွဲ၌ အိတ်သွန်ဖာမှောက် ကြိုးစားကစားရတော့မည်ဖြစ်သည်။ မန်ယူ၌ ရွန်နီပါဝင်ကစားပြီး ပွဲအစမှာပင် စောစီးစွာ ဂိုးရရှိရေးကြိုးစားခဲ့ရာ ၂၈မိနစ်၌ နာနီက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူတွင် ရွန်နီ၊ ဘာဘာတော့ဗ်၊ နာနီနှင့် ဂစ်တို့က ဆန်းဒါးလန်းဘက်သို့ အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့ရာ အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ သို့သော် ဆန်းဒါးလန်းအသင်းဂိုးသမား ဂေါ်ဒွန်က လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဆန်းဒါးလန်းတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်းထိရောက်သောထိုးဖောက်ဂိုးသွင်းမှုမပြုနိုင်ခဲ့ချေ။

မန်ယူတို့က နာနီ၊ ဘာဘာတော့ဗ်ကို အထိုင်တိုက်စစ်ဖြင့် ထိုးဖောက်ကစားသော်လည်း ဆန်းဒါးလန်းတို့က ဟန့်တားပိတ်ဆို့ထားခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ မန်ယူတို့ ဂိုးဆက်မသွင်းနိုင်သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခြင်းဖြစ်သည်။ ။



ဆန်းဒါးလန်းနှင့် မန်ယူတို့ပွဲတွင် မန်ယူကွင်းလယ် တိုက်စစ်မှူး နာနီက ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်

ဖူလ်ဟမ် ၃-၂ ဝက်စ်ဟမ်း

ကိုးကား-အင်တာနက်

ပါရမီစာကြည့်တိုက်အဆောက်အအုံသစ် အင်းတန်ကျေးရွာ၌ဖွင့် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အင်းတန်ကျေးရွာ၌ ပါရမီစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်သစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ ကျေးရွာဥက္ကဋ္ဌဦးအောင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်များရှင်သန်ရေး၊ စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြော၍ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအေးရွှေက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရွှေပြည်သာ၌ စုပေါင်းဖွင့်လှစ် စံ(၅)ချက်နှင့်ညီရေး ဆွေးနွေး

ရန်ကုန် မေ ၂

ရွှေပြည်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ရောမြိုင်၊ ကြည်ပြာ၊ ဂေါ်သဇင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စုပေါင်းဖွင့်ပွဲကို မေ ၂ရက် နံနက် ၉နာရီက ရောမြိုင်စာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်၊ အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် စာကြည့်တိုက်များကော်မတီ နာယက ဦးဝင်းနိုင်တို့က စံ(၅)ချက်နှင့် ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ ငွေပဒေသာပင်စိုက်ထူနိုင်ရေး၊ စာအုပ်စာစောင်အသစ်များ တိုးပွားရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၆၅×၆၆ လမ်းကြားနေ ကျွန်မ ဒေါ်မြင့်မြင့်ဆွေ ၉/မရတ(နိုင်)၀၁၁၂၈၇ ၏ သမီး မထိုက်ထိုက်ဝင်း ၉/မရတ(နိုင်)၀၀၄၃၂၃သည် မိခင်၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ခြင်းကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

မိခင်-ဒေါ်မြင့်မြင့်ဆွေ
၉/မရတ(နိုင်)၀၁၁၂၈၇။

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့်အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့်အကြောင်းများ

(၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း
(၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း
(၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း
(၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း
(၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း
(၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှော ဝမ်းပျက်ရောဂါ ဖြစ်ပွားကူးစက်မှုမရှိရန်

(၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့် ဖုံးပါ။
(၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍ စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။
(၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။
(၄) အစားအစာများကို ပူပူနွေးနွေး စားသောက်ပါ။ ဝမ်းနူးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။
(၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။
(၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။
(၇) ရေကို ကျိုချက်၍သောက်ပါ။
(၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့်မခပ်ပါနှင့်။
(၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ် မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးပါ။
(၁၀) ဝမ်းလျှော ဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။
(၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဆေးရွက်ကြီးမီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄)ရှိ အိမ်တစ်အိမ်မှ ဆေးရွက်ကြီးများကို မီးရှို့ကျိုချက်နေသဖြင့် ရပ်ကွက်နေပြည်သူများ နေ့စဉ် မီးခိုးငွေ့များ ရှူရှိုက်ခြင်းကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်နေရပြီး မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကလေးမြို့သား**

စက်မှုဇုန်မှ အလုပ်ရုံ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုဇုန်(၃)၊ (၁) ရပ်ကွက် ပုလဲလမ်းမကြီးပေါ်ရှိ အလုပ်ရုံတစ်ရုံမှ ထွက်သော အခိုးအငွေ့များနှင့် အနံ့ဆိုးများကို ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်များနှင့် ကျန်းမာရေးမကောင်းသူများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်သူ**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် ကမ်းနားလမ်း(ဗိုလ်တထောင်ဈေးလမ်းနှင့် **စန္ဒကူးလမ်းကြား)မြောက်ဘက်တွင် ရေမြောင်းပိတ်ဆို့မှုကြောင့် ရေများအိုင်ထွန်းလျက်ရှိနေပါ၍ မိုးမကျမီ ရေစီးရေလာကောင်းမွန်စေရန် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။** ဗိုလ်တထောင်သားများ

သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ်ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက်တွင် နေထိုင်သည့် ပြည်သူများသည် ဂျိုးဖြူရေလှောင်ကန်မှ ပို့လွှတ်သောရေကိုအားထား၍ အသုံးပြုခဲ့ရာ သောက်သုံးရေအတွက် အဆင်ပြေမှုရရှိခဲ့သော်လည်း ၂၀၁၀ခုနှစ် ဧပြီလမှစ၍ တစ်ရပ်ကွက်လုံး ရေပုံမှန် မရတော့သဖြင့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ **ရေအခက်ကြုံနေရသူများ**

ဝက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ် (၈)ရပ်ကွက် ပိတောက်လမ်းနှင့် အင်ကြင်းလမ်းထောင့်ရှိ အိမ်နှစ်အိမ်တွင် စီးပွားဖြစ်ဝက်မွေးမြူလျက်ရှိရာထိုဝက်ခြံမှ အနံ့ဆိုးများကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ နေ့စဉ် ရှူရှိုက်နေရသဖြင့် ကျန်းမာရေးထိခိုက်ပါသောကြောင့် ထိုဝက်ခြံနှစ်ခြံကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကမာရွတ် ပြည်ရိပ်မွန်အိမ်ရာ အမှိုက်များစုပုံနေ

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် နာနတ်တောလမ်း ပြည်ရိပ်မွန်အိမ်ရာ တိုက်အမှတ် ၁၊ ၂၊ ၃ နှင့်၄ တို့၏ နောက်ဖေးလမ်းကြားများတွင် အမှိုက်များစုပုံနေပါ၍ ကြွက်၊ ခြင်၊ ယင်များ ပေါက်ပွားကာ အနံ့အသက်များ ဆိုးရွားနေပါသဖြင့် ပတ်ဝန်းကျင်ရှိပြည်သူများ ကျန်းမာရေး ထိခိုက်နေပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းသိမ်းဆည်းပေးပါရန် တင်ပြအပ်ပါသည်။ ပြည်ရိပ်မွန် တိုက်ခန်းသူ/သားများ

အမှိုက်ပုံကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) (၆)ကွက် ခလယ်လမ်း ဈေးကြီးအနီးရှိ အိမ်၏ ဥပစာရှေ့တည့်တည့်တွင် ကျူးကျော်၊ ပျံကျဈေးသည်များ စွန့်ပစ်ထားသော မီးလောင်စာများကြောင့် မီးဘေးစိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ရေမြောင်းမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် စည်ပင်သာယာမြို့မဈေး အနောက်ဘက်ဈေးရုံ အမှတ် E တိုက်တန်းရှေ့ရှိ ရေမြောင်းသည် ရေစီးဆင်းမှုမရှိဘဲ ပိတ်ဆို့နေပြီး အနံ့ဆိုးများ ထွက်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ မခံနိုင်သောကြောင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ အနံ့ဆိုးမခံနိုင်သူ

မုန့်တီဖိုရေတ်သီးညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၁၅-၃-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းနေ့စဉ်သတင်းစာပါ **စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက် အောင်မြေ ၄ လမ်းရှိ မုန့်တီဖို၌ ဂေျတ်သီးအညှော်နံ့နှင့် အမှတ်(၂) ရပ်ကွက် နေ့ကလေးထိန်းကျောင်းမြောက်ဘက်ရှိ မုန့်တီ၊ မုန့်ဟင်းခါးဆိုင်မှ ကြက်သွန်ကြော်နှင့် ဂေျတ်သီးကြော်လှော်သည့် အညှော်အနံ့ဆိုးကြောင့် အနီးဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ကော်ဘာပုပ်ရည်များကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၁၈-၁-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းနေ့စဉ်သတင်းစာပါ **သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက်အနောက်ပိုင်း အောင်ဆန်းလမ်းဘေးရှိ အိမ်တစ်အိမ်၏ စီးပွားဖြစ် ရော်ဘာလုပ်ငန်းမှ စွန့်ပစ်သောရော်ဘာပုပ်ရည်များကြောင့် ကျန်းမာရေးထိခိုက်မှု** ပေးစာနှင့် ပတ်သက်၍ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အစဉ်နိုးကြားသောအသိဖြင့် သတိထားကာကွယ် မီးဘေးအန္တရာယ်

သတင်းဆောင်းပါး-ဝင်းမြင့်(အင်းစိန်)
စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ် မေလ ၅ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သဖြင့် ယခုဆိုလျှင် (၆၄)နှစ်မြောက်သို့ပင် ရောက်လာပြီဖြစ်ပါတယ်။ ၆၄နှစ်တာကာလအတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးသက်သာစေရန် ကြိုးစားဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

မီးသတ်တပ်ဖွဲ့ဝင်များ အထပ်မြင့် အဆောက်အအုံများတွင် အသက်ကယ်စွမ်းရည်ပြနေစဉ်။

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ